# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် တော်သလင်းလကွယ်၊ အင်္ဂါနေ့။ Tuesday 9 October 2018 ၉၄၃၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။**

တိုကျို အောက်တိုဘာ ၈

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲပိုင်းတွင် ASEAN-Japan Center က ကြီးမှူးကျင်းပသည့် မြန်မာ့ပိုးထည်မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ASEAN- Japan Center သို့ ရောက်ရှိရာ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe၊ Daimatsu ဥက္ကဋ္ဌ Mr. Keiji Fujii၊ အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Mr. Masataka Fujita နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဂျပန်-မြန်မာလွှတ်တော်ချင်းချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe၊ Daimatsu ဥက္ကဋ္ဌ Mr. Keiji Fujii နှင့် အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Mr. Masataka Fujita တို့က မြန်မာ့ပိုးထည် မြှင့်တင်ရေးအခမ်းအနား (Myanmar Silk Promotion Event)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့ပိုးထည်များဖြင့် ဖန်တီးချုပ်လုပ်ထားသည့် ဝတ်စုံများကို လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။


**စာမျက်နှာ ၄ ကော်လံ ၁ သို့**



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အောက်တိုဘာလ ၆ ရက်နေ့က မကွေးတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ရာ ဝန်ထမ်းများ၏ အတွေးအခေါ်နှင့် အကျင့်စရိုက်များ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ ပြောင်းလဲမှုဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် ပြည်သူပြည်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး၏ ပုံစံကျနေသည့် အတွေးအခေါ်နှင့် ပုံသေကားကျ အလေ့အထများကို ပြုပြင်ပြောင်းလဲကြရန် အထူးလိုအပ်ကြောင်း မှာကြားထားသည်။ နိုင်ငံကို ပြုပြင်ပြောင်းလဲတည်ဆောက်ရာ၌ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာ ကနဦးအထူးအရေးပါပြီး ဝန်ထမ်းများက မှန်မှန်ကန်ကန်၊ တက်တက်ကြွကြွ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းရွက်ကြပါမှ ရည်မှန်းသည့်အတိုင်း အသွင်ကူးပြောင်းရေးလုပ်ငန်းများ ချောမွေ့အောင်မြင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး ညွှန်ပြထားသကဲ့သို့ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးအောင်ဆောင်ရွက်သည့် ဝန်ထမ်းများ၏ဌာနများမှာ ကြပ်မတ်ခြင်း၊ တည့်မတ်ခြင်းကို ခံယူကြရမည်သာဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုလည်း စောင့်သိရိုသေကြရန် အထူးလိုအပ်ပေသည်။ ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲသည့် လစာ၊ ချီးမြှင့်ငွေနှင့် အခြားခံစားခွင့်များကို ရယူခံစားကြသူများ ဖြစ်သည်။

ထို့ကြောင့် ဝန်ထမ်းများသည် မိမိတို့နှင့်ထိုက်တန်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်၊ မျှမျှတတသုံးစွဲကြရန် လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထု၏ တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်ကြရန် လိုအပ်သည်။ ပြည်သူကို အလုပ်အကျွေးပြုရန်မှာ ဝန်ထမ်းများ၏တာဝန်ဖြစ်သည်။ မိမိတို့အား ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် မိမိတို့အတွက် အခွင့်အရေးမဟုတ်ဘဲ ပြည်သူများ၏လိုအပ်ချက်များကို စေတနာအပြည့်ဖြင့် ဖြည့်ဆည်းပေးရန်ဖြစ်သည်ကို ခံယူထားကြရမည်ဖြစ်သည်။

ဝန်ထမ်းများအနေဖြင့် မလုပ်၊ မရှုပ်၊ မပြုတ်ဟူသော ခံယူချက်များ၊ အချိန်တန်လျှင် လစာ၊ ရိက္ခာရမည်ဟူသော သဘောထားများ၊ အခွင့်အရေးရမှ၊ လုပ်ပိုင်ခွင့်ရှိမှ အလုပ်လုပ်မည်ဟူသော စိတ်ထားများ မထားကြဘဲ ပေးအပ်သောတာဝန်ကို ပြည်သူအတွက် အစွမ်းကုန်ကျေပွန်စွာ ထမ်းဆောင်မည်ဟူသော မွန်မြတ်သော စိတ်ထားများဖြင့် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည်။ မိမိအတွက် အခွင့်အလမ်းကို ဦးစွာမမျှော်ကိုးဘဲ မိမိ၏ အလုပ်တာဝန်ကို ကျေပွန်စွာဖြင့် အကောင်းဆုံးထမ်းဆောင်ခြင်းဖြင့် မိမိအတွက် တိုးတက်ရာတိုးတက်ကြောင်းများ ဖြစ်ထွန်းလာနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

ဝန်ထမ်းများတာဝန်ယူဆောင်ရွက်သည့် အုပ်ချုပ်ရေးယန္တရားနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မှာကြားထားသည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားများ၏ဘဝ လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းသာမှုရှိစေရန် စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အုပ်ချုပ်ရေးယန္တရား မဖြစ်စေရေး၊ တာဝန်ရှိသူများအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိကြရမည်ဖြစ်သည်။ ဦးစီးခေါင်းဆောင်သူများအနေဖြင့် ဝန်ထမ်းများကို လိုအပ်သလို လမ်းညွှန်ကြပ်မတ်နိုင်ရမည်ဖြစ်ပြီး အရာထမ်း၊ အမှုထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် မိမိတို့၏ဂုဏ်သိက္ခာ၊ မိမိနိုင်ငံတော်အစိုးရ၏ပုံရိပ်ကို မြင့်မားတိုးတက်စေပြီး ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့ကင်ဆာညီလာခံ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသည့် Mahatma Gandhi International Sanitation Conventionနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အောက်တိုဘာ ၁ ရက် မှ ၄ ရက်အထိ ကျင်းပသည့် World Cancer Congress တို့သို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသည့် Mahatma Gandhi International Sanitation Convention ဖွင့်ပွဲ အခမ်းအနားကို အိန္ဒိယနိုင်ငံ သမ္မတ H.E Mr. Ram Nath Kavind တက်ရောက်ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအခမ်းအနားသို့ အာရှ၊ အာဖရိက၊ အရှေ့ဥရောပနှင့် လက်တင်အမေရိကရှိ နိုင်ငံပေါင်း ၆၇ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများ၊ ဘဏ္ဍာရေးဝန်ကြီးများ၊ ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးများ၊ ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးများ၊ စွမ်းအင်နှင့်စီမံကိန်းဆိုင်ရာ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များမှ ရည်မှန်းချက် အမှတ် (၆) ဖြစ်သော သန့်ရှင်းသည့် သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ပြည့်မီစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ရည်မှန်းချက်ကို သတ်မှတ်ချိန်အတွင်း ပြည့်မီစေရေး အရှိန်အဟုန်မြင့် ဆောင်ရွက်ရန် တွန်းအားပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ Parallel Technical Sessions များ၌ပါဝင်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် Mahatma Gandhi မွေးဖွားနေထိုင်ခဲ့ရာ Gujarat ပြည်နယ် Ahmedabad မြို့သို့သွားရောက်၍ ယင်းမြို့တွင် မြေပြင်၌ မစင်စွန့်မှုစနစ် လုံးဝမရှိတော့သည့် စီမံချက်ဆောင်ရွက်ထားရှိရာ ကျေးရွာများသို့ ရောက်ရှိခဲ့ပြီး ကျောင်းကျန်းမာရေး ဆောင်ရွက်ထားရှိမှု၊ Primary Health Care Center နှင့် ကိုယ်ဝန်ဆောင်နှင့် မွေးပြီးမိခင် အာဟာရ စောင့်ရှောက်မှုလုပ်ငန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့် Sanitary Latrine ဆောင်ရွက်ထားရှိမှုများအား သွားရောက်လေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် World Cancer Congressသို့ တက်ရောက်ခဲ့ပြီး City Cancer Control 2025 (Yangon City) စီမံချက် ဆောင်ရွက်လျက်ရှိသောUnion for International Cancer Control (UICC) နှင့် Colleges and Institutes Canada (CICan) တို့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရန်ကုန်မြို့၌ ကင်ဆာရောဂါ ကာကွယ်ကုသရေးစီမံချက်ကို တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခုရေးဆွဲထားပြီးသော ရည်မှန်းချက် ၁၆ ခုအနက်မှ ဦးစားပေးရည်မှန်းချက်များကိုရွေးချယ်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ CBO များနှင့် အခြားစိတ်ပါဝင်စားသည့် အဖွဲ့အစည်းများပါဝင် ဆောင်ရွက်နိုင်ရေးအတွက်လည်း Guideline များ ကြိုတင်ရေးဆွဲလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းဆောင်ရွက်ထားရှိမှုများအားလည်း အခြားပြည်နယ်၊ တိုင်းဒေသကြီးများမှ တတ်နိုင်သမျှ လိုက်ပါဆောင်ရွက်နိုင်စေရန် သတင်းအချက်အလက်များ မျှဝေမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် လက်ရှိ UICC President နှင့် UICC CEO တို့ကို သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် World Cancer Congress သို့ ရောက်ရှိနေကြသော အမေရိကန်နိုင်ငံ အခြေစိုက် Direct Relief မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အရည်အသွေးကောင်းမွန်သော ကင်ဆာဆေးဝါးများနှင့် အခြားမကူးစက်တတ်သောရောဂါဆိုင်ရာ ဆေးဝါးများ လက်ခံရရှိရေး၊ သွေးကင်ဆာရောဂါအတွက် ဆေးများလှူဒါန်းမည့်ကိစ္စများနှင့် ရေရှည်အတွက် နားလည်မှုစာချွန်လွှာ ရေးထိုးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ၊ Multicentric Research ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ ကင်ဆာရောဂါကု ဓာတ်ကင်စက်များ ထုတ်လုပ်သော အမေရိကန်နိုင်ငံ အခြေစိုက် Varian မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ လေ့ကျင့်သင်ကြားရေးဌာနများ ဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကင်ဆာရောဂါအကြောင်း လူထုမှ ပိုမိုပါဝင်သိရှိနိုင်ရေးနှင့် စောစီးစွာ ရောဂါရှာဖွေနိုင်ရေးဆိုင်ရာ စကားဝိုင်းသို့ တက်ရောက်ပြီး မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ကြသူအားလုံးက မိမိတို့၏ အခန်းကဏ္ဍအလိုက် စနစ်တကျ ရှေ့ဆက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ကျန်းမာရေးဆိုင်ရာ အသိပညာများတိုးပွားလာအောင် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် UICC ၏ဥက္ကဋ္ဌအသစ်အဖြစ် ရွေးချယ်ထားသည့် ဂျော်ဒန်မင်းသမီး Princess Dina နှင့် တွေ့ဆုံ၍ City Cancer Control (2025) စီမံချက်အတွက် ရွေးချယ်ထားသည့် မြန်မာနိုင်ငံ ရန်ကုန်မြို့ အပါအဝင် ပါရာဂွေးနိုင်ငံ Asuncion မြို့၊ ကိုလံဘီယာနိုင်ငံ Cali မြို့နှင့် ဂါနာနိုင်ငံ Kumasi မြို့စသည့် မြို့ကြီးများအချင်းချင်း အတွေ့အကြုံများနှင့် အခက်အခဲများကို ဖလှယ်နိုင်ရန် ဝက်ဘ်ဆိုက်တစ်ခု ဆောင်ရွက်ပေးစေလိုကြောင်းနှင့် မြန်မာနိုင်ငံ၌ ကင်ဆာရောဂါ ဝေဒနာရှင်များအတွက် Palliative Care Clinic ဖွင့်လှစ်မည့် အစီအစဉ်နှင့် Oncology Nurse သင်တန်းပေးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံအခြေစိုက် DSM အဖွဲ့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အာဟာရဖြည့်စွက်ဆန် ထုတ်လုပ်ရောင်းချရေးနှင့် သုတေသန ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်(ရွှေဈေး) ၉၉၃၅၀၀ - ၉၉၃၅၀၀ မန္တလေး(ရွှေဈေး) ၉၉၃၅၀၀ - ၉၉၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၇၅/၁၀၈၅ ကျပ်၊ | ၁၁၁၀/၁၁၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၅/၁၁၀၅ ကျပ်၊ | ၁၁၆၀/၁၁၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၄၅/၁၀၅၅ ကျပ်၊ | ၁၁၁၀/၁၁၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၈၅/၁၁၀၀ ကျပ်၊ | ၁၁၂၅/၁၁၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၇၀/၁၀၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၈၅/၁၀၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၂၃/၁၀၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၈.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၇.၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅.၆၅၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၅၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၁၇.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၅၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၇.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၄.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ New Komeito Party ခေါင်းဆောင်၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်၊ JETRO ၏ Chairman and CEO နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဂျပန်နိုင်ငံ New Komeito Party ခေါင်းဆောင် Mr. Yamaguchi Natsuo၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr. Yohei Sasakawa၊ JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး Mrs. Akie Abe တို့အား သီးခြားစီလက်ခံတွေ့ဆုံသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ New Komeito Party ခေါင်းဆောင် Mr. Yamaguchi Natsuo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တိုကျိုမြို့ ရှိ Hotel New Otani Tokyo ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Mr. Yamaguchi Natsuo တို့တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်ဖြစ်သူ Mr. Yohei Sasakawa ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အဆိုပါဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Mr. Yohei Sasakawa တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များနှင့် အနာကြီးရောဂါပပျောက်ရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် Meiji Kinenkan ၌ တွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ New Komeito Party ခေါင်းဆောင် Mr. Yamaguchi Natsuo ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**အလားအလာကောင်းများ အများအပြားရှိ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Mr. Hiroyuki Ishige တို့တွေ့ဆုံစဉ် Mr. Hiroyuki Ishige က JETRO အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို အထောက်အကူပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍနှင့် ရေထွက်ပစ္စည်းကဏ္ဍတို့သည် အလားအလာကောင်းများ အများအပြားရှိနေသဖြင့် ဂျပန်ကုမ္ပဏီများမှ သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း။

သီလဝါစက်မှုဇုန်တွင်လည်း စီးပွားရေးကုမ္ပဏီပေါင်း ၁၀၀ နီးပါး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ သီလဝါစက်မှုဇုန်၌ လက်ရှိတွင် အလုပ်အကိုင်ပေါင်း ၁၀၀၀၀ ကျော် ဖန်တီးပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်များ ပြဋ္ဌာန်းခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးမှုများကြောင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ သွားရောက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် စံချိန်တင်များပြားခဲ့ကြောင်း။

**မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုး**

ယခုအခါ ဂျပန်နှင့်မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီး Japonica ဆန်အမျိုးအစား တစ်မျိုးကို မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန် လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှဒေသတွင် အလားအလာကောင်းများရှိသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အီချိရော့ မာရုယာမ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး Mrs. Akie Abe နှင့် Hotel New Otani Tokyo ၌ တွေ့ဆုံသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်ဖြစ်သူ Mr. Yohei Sasakawa အား တွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး Mrs. Akie Abe အား တွေ့ဆုံစဉ်။

✪ **ရွှေဖုံးမှ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ASEAN- Japan Center မှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အာဆီယံ-ဂျပန် စင်တာကို ၁၉၈၁ ခုနှစ် မေ ၂၅ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့သည်။ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၌ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းတိုးမြှင့်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Myanmar Investment Conference "Strengthening the Bond Between Myanmar and Japan" အခမ်းအနားကျင်းပမည့် Meiji Kinenkan သို့ ရောက်ရှိရာ JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် Vice President ဖြစ်သူ Ms. Yuri Sato တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ(Myanmar Investment Conference-"Strengthening the Bond Between Myanmar and Japan")သို့ တက်ရောက်သည်။

ညီလာခံတွင် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hirofumi Takinami တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

**သင့်မြတ်ကောင်းမွန်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ အရေးကြီးသည့်အခမ်းအနားကို စီစဉ်ကျင်းပပေးသည့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ JETRO နှင့် ဂျပန်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအခမ်းအနားသည် လက်ရှိရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ၊ အနာဂတ်ရင်းနှီးမြှုပ်နှံမည့်သူများ၊ လုပ်ငန်းရှင်များနှင့် စီးပွားရေးကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့်ရအောင် ဖော်ဆောင်ပေးသည့် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ရင်းနှီးသည့်ဆက်ဆံရေးအပေါ် အခြေခံပြီး ယခုအခမ်းအနားကို တက်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်အများစုအနေဖြင့် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သော နက်ရှိုင်းပြီး သမိုင်းဝင်ဆက်ဆံရေးမှတစ်ဆင့် မြန်မာနိုင်ငံကို ကောင်းစွာနားလည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ပိုးထည်မြှင့်တင်ရေးအခမ်းအနားတွင် ပိုးချည်မျှင်များကို ကြည့်ရှုလေ့လာစဉ်။

တွင် ဆင်းကတ်အသုံးပြုမှု ၁၀၅ ရာခိုင်နှုန်းအထိရှိလာခဲ့ပြီး စမတ်ဖုန်းအသုံးပြုသူ ၈၀ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပါကြောင်း၊ ထို့အတူ မြင်သာထင်သာမရှိသော်လည်း အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများစွာလည်းရှိခဲ့ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများသည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကဲ့သို့ အရေးကြီးပါကြောင်း။

ဥပမာအနေဖြင့် စီးပွားရေးတည်ငြိမ်မှုအတွက် မရှိမဖြစ်လိုအပ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်သည့် အကြီးစားစီးပွားရေးစီမံခန့်ခွဲမှုခိုင်မာစေသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကြား ချိန်ခွင်လျှာမျှအောင် ဖော်ဆောင်ရန် အပြည့်အဝ ကတိပြုပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အကြီးစားစီးပွားရေးလုပ်ငန်းများအတွက် ပြည်သူ့အကျိုးကိုရည်မျှော်ပြီး ရဲဝံ့စွာဆုံးဖြတ်လုပ်ဆောင်ခဲ့သည့်အပြင် ဆွဲဆောင်မှုနည်းသော်လည်း အခြေခံအားဖြင့် အရေးပါဆဲဖြစ်သည့် လုပ်ငန်းကိုရွေးချယ်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းများသည် အကြီးစားစီးပွားရေးအခြေအနေများ တည်ငြိမ်ရေး၊ မမျှော်လင့်ဘဲ ကြုံတွေ့ရသည့် စီးပွားရေးအကျပ်အတည်းပြဿနာအပေါ် ခံနိုင်ရည်ရှိရေးနှင့် မိမိတို့၏ စီးပွားရေးစီမံခန့်ခွဲမှု အားကောင်းလာစေရေးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းများတွင် ၂၀၁၅-၂၀၁၆ ၌ မိမိတို့ကြုံတွေ့နေရသည့်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံက မကြာသေးခင်က အပြုသဘောဆောင်သည့် ရင်းနှီးမြှုပ်နှံမှုအပြောင်းအလဲအပေါ် စိတ်ဝင်စားမှုရှိကြလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မကြာသေးမီက ပြဋ္ဌာန်းလိုက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေအသစ်သည် ရင်းနှီးမြှုပ်နှံသူများအတွက် အလွန်သင့်မြတ်ကောင်းမွန်သည့်ဥပဒေတစ်ခုဖြစ်ပါကြောင်း။

**ထင်သာမြင်သာရှိ**

မြန်မာနိုင်ငံသည် မကြာသေးသောနှစ်များက နက်နဲရှုပ်ထွေးသည့် အသွင်ကူးပြောင်းမှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအသွင်ကူးပြောင်းမှုများသည် မိမိတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍအားလုံးအပေါ် သက်ရောက်မှုရှိခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပြီး အချို့ကဏ္ဍများတွင် ထင်ထင်ရှားရှားတွေ့မြင်နေရပါကြောင်း၊ ဥပမာအားဖြင့် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကြောင့် နှစ်အနည်းငယ်အတွင်း ထင်သာမြင်သာမရှိသော်လည်း အကျိုးသက်ရောက်မှုများကြီးမားပါကြောင်း။

**သန္နိဋ္ဌာန်ချထား**

ရှည်ကြာလှသည့် အထီးကျန်ဘဝမှထွက်လာသည့် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်နေဆဲ ပြုပြင်ပြောင်းလဲမှုများသည် သမိုင်းအမွေဟုခေါ်သည့် ပြဿနာများကို အထူးဦးစားပေးကိုင်တွယ်ဖြေရှင်းနေရပါကြောင်း၊ မိမိတို့အနေဖြင့် စိစစ်ဆောင်ရွက်နေဆဲပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်မည်ဆိုလျှင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်အောင် လုပ်ဆောင်ရသည့်အလုပ်သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့ ပြည်သူများအတွက် ကောင်းမွန်သည့်အနာဂတ်ကို ဖော်ဆောင်ရန် မိမိတို့ အစိုးရသည် မည်သည့်အခြေအနေမှာပင်ဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် နိုင်ငံတော်တာဝန်ယူလိုက်စဉ်ကတည်းက မိမိတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသာမက စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် ငွေဖောင်းပွမှု လျော့ကျစေရေးလည်းပါဝင်ပါကြောင်း။

မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ငွေဖောင်းပွမှုကို ငါးရာခိုင်နှုန်းခန့်အထိ လျှော့ချနိုင်ခဲ့သည့်အတွက် မိမိတို့စီးပွားရေးသည် ခြောက်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ယင်းနှုန်းသည် အာရှနိုင်ငံများအကြား အမြန်ဆုံးတိုးတက်မှုနှုန်းဖြစ်ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံသားတစ်ဦးချင်းဝင်ငွေသည် ၅၀ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့ပါကြောင်း၊ ထို့အတူ ဆင်းရဲမွဲတေမှုနှုန်းသည်လည်း ၄၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံသည် ယခုနှစ် စောစောပိုင်းကစပြီး ပထမဦးဆုံးအနေဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်သည့် စံသတ်မှတ်ချက်များ ပြည့်မီခဲ့ပါကြောင်း။

အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုတွေများစွာရရှိနေသည့်တိုင် ပြည်သူများ၏မျှော်မှန်းချက်များ ဆက်လက်ကြီးမားနေဆဲဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်စရာများ များစွာရှိနေပါသေးကြောင်း။

**စာမျက်နှာ ၅ သို့** ❖

# ရခိုင်ပြည်နယ်အရေးကိစ္စ

■ ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် မတူကွဲပြားမှုများအကြားတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဦးတည်ချက်ထားပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ပဋိပက္ခများ၊ တင်းမာမှုများဖြစ်ပွားခဲ့စဉ်က ရှိခဲ့ကြသည့် ရှုမြင်ချက်အဟောင်း၊ အယူအဆအဟောင်းများနှင့် ဖြေရှင်းနိုင်မည် မဟုတ်ပါ။

■ ယနေ့ (၂၁)ရာစု ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ် Globalization နှင့် လိုက်လျောညီထွေဖြစ်မည့် ချဉ်းကပ်မှုအသစ်၊ ရှုမြင်ချက်အသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်များနှင့် လိမ္မာပါးနပ်စွာ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ တရားမျှတမှု မရှိသည့် စိန်ခေါ်မှုများ၊ တစ်ဖက်သတ် ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူတို့၏ ညီညွတ်မှုအင်အားနှင့် စုပေါင်းရင်ဆိုင် ကျော်လွှားသွားမည် ဖြစ်ပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

◆ စာမျက်နှာ ၄ မှ

မိမိတို့အားလုံးသိပြီးဖြစ်သည့်အတိုင်း ကမ္ဘာ့စီးပွားရေးသည် ဆယ်စုနှစ်တစ်ခုကြာ ဆိုးရွားခဲ့ရာမှ ၂၀၀၈ ခုနှစ်မှစပြီး ပြန်လည်ဦးမော့လာခဲ့ပါကြောင်း၊ ဆယ်နှစ်အကြာ ၂၀၁၈ ခုနှစ်တွင် ဗဟိုဘဏ်အချို့၏ စီးပွားရေးကျဆင်းမှုကြောင့် ချမှတ်ထားသည့် ငွေကြေးဆိုင်ရာလုပ်ငန်းအချို့ကို တဖြည်းဖြည်းဖယ်ရှားရင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ အားကောင်းမောင်းသန်ရှိနေမည်ဟု မျှော်လင့်ရပါကြောင်း။

### မလိုလားအပ်သည့် သက်ရောက်မှုများရှိ

လွန်ခဲ့သည့် ဆယ်နှစ်ကနှင့်မတူ မြန်မာနိုင်ငံသည် ယခင်ကမကြုံတွေ့ခဲ့ဖူးသည့် ကမ္ဘာ့အကြီးစားစီးပွားရေးပြောင်းလဲမှုများနှင့် ကြုံတွေ့နေရပါကြောင်း၊ ဥပမာအနေဖြင့် ယခင်ကနှင့်မတူသော စီးပွားရေးအင်အားကြီးနိုင်ငံအချို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ငွေကြေးပိုမိုသုံးစွဲမှုကို တဖြည်းဖြည်း လျှော့ချလိုက်သည့်အတွက် မိမိတို့နိုင်ငံကဲ့သို့ စီးပွားရေးထွန်းသစ်စနိုင်ငံတစ်နိုင်ငံအပေါ် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ပြီး မလိုလားအပ်သည့် သက်ရောက်မှုများရှိခဲ့ပါကြောင်း။

ကမ္ဘာနှင့်တစ်ဝန်း စိန်ခေါ်မှုများရှိနေသည့်တိုင် ၂၀၁၈ ခုနှစ် အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်သည် ခြောက်ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၁၇ ခုနှစ် စက်တင်ဘာလက မျှော်မှန်းခဲ့သည့်နှုန်းထက်သုည ဒသမ ၁ ရာခိုင်နှုန်းပိုမိုခဲ့ပါကြောင်း၊ အာရှဒေသစီးပွားရေးကောင်းလာသည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာသည်လည်း ကောင်းမွန်လာပါကြောင်း။

မိမိစောစောကပြောခဲ့သလို မြန်မာအစိုးရသည် များပြားရှုပ်ထွေးပြီး တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို သတိထား၍ အကောင်အထည်ဖော် ဆောင်ရွက်နေရပါကြောင်း၊ ပြည်တွင်း ပြည်ပဖိအားနှင့်အတူ များပြားရှုပ်ထွေးသည့် ပြဿနာများကြားတွင် နိုင်ငံတကာအသိုက်အဝန်း၏ တာဝန်သိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းလုပ်ဆောင်မည်ဆိုသည့် သန္နိဋ္ဌာန်မှာ ယိမ်းယိုင်မသွားပါကြောင်း၊ မြန်မာအစိုးရသည် ၂၀၃၀ အစီအစဉ်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကိုအကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသည် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအတွက် လိုက်လျောညီထွေဖြစ်သည့် လမ်းပြမြေပုံတစ်ခုကို ဖော်ဆောင်မည့် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုချမှတ်ပြီးဖြစ်ပါကြောင်း။

မဏ္ဍိုင် သုံးခု၊ ရည်မှန်းချက် ငါးရပ်၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းစီမံချက် ၂၅၁ ခုပါဝင်သည့် ထိုစီမံကိန်းသည် မိမိတို့၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် ရှုမြင်နိုင်ပါကြောင်း၊ ယင်းစီမံကိန်းသည် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံတစ်ခု ပေါ်ပေါက်လာရေးအတွက် မိမိတို့၏ မျှော်မှန်းချက်ပင် ဖြစ်ပါကြောင်း။

မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပထမရည်မှန်းချက်သည် နိုင်ငံရေးတည်ငြိမ်မှုအတွက် မရှိမဖြစ်လိုအပ်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုအတွက် လိုအပ်သည့်အကြီးစားစီးပွားရေး စီမံခန့်ခွဲမှုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပထမရည်မှန်းချက်နှင့် ဒုတိယရည်မှန်းချက်သည် အနာဂတ်ဖွံ့ဖြိုးရေးအတွက် အရေးပါဆုံး ဖြစ်ပါကြောင်း၊ တတိယရည်မှန်းချက်မှာ အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး စတုတ္ထရည်မှန်းချက်မှာကောင်းမွန်သည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးချဲ့ရေးအပါအဝင် လူသားစွမ်းဆောင်ရည်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း။

သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဖြစ်သည့် ပဉ္စမရည်မှန်းချက်မှာ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲမှုမှတစ်ဆင့် မိမိတို့၏ကမ္ဘာကြီးကို ကာကွယ်မည်ဆိုသည့် သန္နိဋ္ဌာန်ကို မီးမောင်းထိုးပြခြင်းဖြစ်ပါကြောင်း။

### လုပ်ငန်းစဉ်အားလုံးကို ပြန်လည်သုံးသပ်လျက်ရှိ

တတိယရည်မှန်းချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရှင်းလင်းလွယ်ကူသည့် လုပ်ငန်းစံသတ်မှတ်ချက်များ ဖော်ဆောင်နိုင်ရေးအတွက် လုပ်ငန်းစဉ်အားလုံးကို ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း။

ယင်းလုပ်ဆောင်ချက်များသည် ရင်းနှီးမြှုပ်နှံသူနှင့် စီးပွားရေးလုပ်ငန်းရှင်အားလုံးအတွက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ဂျပန်တို့အကြားကြီးမားသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ ယင်းပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရှေ့မှာရှိနေသည့် အလားအလာများကို မြင်တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

### တစ်ဦးချင်းအလိုက် ရင်းနှီးမြှုပ်နှံခဲ့ကြ

တစ်ဆက်တည်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်မည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးခဲ့သည့် ဂျပန်အစိုးရနှင့် JICA ကို အထူးကျေးဇူးတင်သည်ဟု ပြောကြားလိုပါကြောင်း။

အချိန်တိုအတွင်းအောင်မြင်လျက်ရှိနေသော သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းအမေရိကန် ဒေါ်လာ ၁ ဒသမ ၄၉၁ ဘီလီယံရှိပြီး ဂျပန်၊ အမေရိကန် ပြည်ထောင်စု၊ ဂျာမနီ၊ ပြင်သစ်၊ ဆွီဒင်၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနိုင်ငံနှင့် တရုတ်(တိုင်ပေ)မှ ရင်းနှီးမြှုပ်နှံမှုများတစ်ဦးချင်းအလိုက် ရင်းနှီးမြှုပ်နှံခဲ့ကြပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုအတွက် စိတ်အားထက်သန်သည့် စီးပွားရေးလုပ်ငန်းရှင်အများအပြားလည်းရှိနေသေးပါကြောင်း၊ ၎င်းရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစေရေးအတွက် Project Bank တစ်ခုကိုမိမိတို့ ဖော်ဆောင်နေပါကြောင်း၊ မိမိတို့၏ Project Bank ကို တစ်ထိုင်တည်းလုပ်ငန်းဆောင်ရွက်ပေးနိုင်သည့် အွန်လိုင်းဝန်ဆောင်မှုအဖြစ် မျှော်မှန်းထားပါကြောင်း။

မိမိတို့၏ မိတ်ဆွေဖြစ်သည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများကို မြန်မာနိုင်ငံသို့ ဗီဇာမပါဘဲဝင်ရောက်နိုင်ပြီဆိုသည်ကို ဝမ်းမြောက်စွာဖြင့် သတင်းစကား ပါးလိုပါကြောင်း၊ အခွင့်အလမ်းတွေနှင့် ပြည့်လျှံနေသည့် အခြေအနေတစ်ရပ်နှင့် သက်ဝင်လှုပ်ရှားနေသည့် စီးပွားရေးအခြေအနေများကို မိတ်ဆွေတို့၏ မျက်စိနှင့် တပ်အပ်မြင်နိုင်အောင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း။

မိမိသည် အထူးသဖြင့် ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် စိန်ခေါ်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရုန်းကန်ခဲ့ရမှုများရှိနေသည်ကို ဝန်ခံရမည်ဖြစ်ပါကြောင်း၊ မိမိတို့အခက်အခဲများကိုသိနေသည့်အတွက် ယင်းအချက်များကို မိတ်ဆွေများထံတွင် ဖုံးကွယ်ထားမည်မဟုတ်ဘဲ မိမိတို့၏လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် မိမိတို့နိုင်ငံကို မှီခိုနေသူအားလုံးနှင့် မိမိတို့နိုင်ငံနယ်နိမိတ်အတွင်း နေထိုင်ကြသည့် လူများအားလုံး၏ အကျိုးစီးပွားအတွက် မားမားမတ်မတ်ရပ်တည်မည်ဆိုပါက အောင်မြင်မှုရမည်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးသည် ခွဲခြား၍မရပါကြောင်း၊ ငြိမ်းချမ်းရေးမရှိဘဲ သာယာဝပြောမှုမရနိုင်ပါကြောင်း၊ စီးပွားရေးအခွင့်အလမ်းများ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ မိမိတို့နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ သဟဇာတဖြစ်ရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

> ❛ ပြည်တွင်းပြည်ပဖိအားနှင့်အတူ များပြားရှုပ်ထွေးသည့် ပြဿနာများကြားတွင် နိုင်ငံတကာအသိုက်အဝန်း၏ တာဝန်သိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းလုပ်ဆောင်မည်ဆိုသည့် သန္နိဋ္ဌာန်မှာ ယိမ်းယိုင်မသွားပါကြောင်း၊ မြန်မာအစိုးရသည် ၂၀၃၀ အစီအစဉ်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသည် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအတွက် လိုက်လျောညီထွေဖြစ်သည့် လမ်းပြမြေပုံတစ်ခုကို ဖော်ဆောင်မည့် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုချမှတ်ပြီးဖြစ် ❜

### အလေးအနက်စဉ်းစားရန် အရေးကြီး

မိတ်ဆွေများနှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးရန် လုပ်ဆောင်နေချိန်တွင် မည်သည့်နည်းလမ်းများနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုသည်ကို မိတ်ဆွေများဘက်ကလည်း အသေအချာနားထောင်ပြီး အလေးအနက်စဉ်းစားရန် အရေးကြီးသည်ဟု ထင်ပါကြောင်း၊ ယင်းသို့အလေးအနက်စဉ်းစားရာတွင် မိမိတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ရေးအပြင် နှစ်နိုင်ငံအကြား ပြည်သူများ၏ ဆက်ဆံရေးမြှင့်တင်ရန်နှင့် ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ရန်လည်း လိုအပ်ပါကြောင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀ ကျော်၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

JETRO သည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

JETRO ကို ၁၉၅၂ ခုနှစ်တွင် အိုဆာကာမြို့၌ Japan Export Trade Research Organization အနေဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဂျပန်နိုင်ငံ၏ ကုန်သွယ်မှု မျှခြေဖြစ်ရေးအတွက် ပို့ကုန်မြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ သွင်းကုန်နှင့် ပို့ကုန်လုပ်ငန်းများ မြှင့်တင်ခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဈေးကွက်ရှာဖွေခြင်း၊ ဂျပန်နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသူများအား ပံ့ပိုးကူညီပေးခြင်း၊ ဂျပန်နိုင်ငံမှ နိုင်ငံတကာတွင် ရင်းနှီးမြှုပ်နှံမည့်သူများအား ကူညီပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် JETRO ရုံးခွဲများအနေဖြင့် အာရှတွင် ၂၇ ခု၊ ပစိဖိတ်ဒေသတွင် နှစ်ခု၊ မြောက်အမေရိကဒေသတွင် ရှစ်ခု၊ တောင်အမေရိကနှင့် အမေရိကအလယ်ပိုင်းဒေသတွင် ကိုးခု၊ ဥရောပတွင် ၁၄ ခု၊ ရုရှားတွင် သုံးခု၊ အရှေ့အလယ်ပိုင်းဒေသတွင် ငါးခု၊ အာဖရိကဒေသတွင် ခုနစ်ခု စုစုပေါင်း ရုံးခွဲ ၇၅ ခုဖွင့်လှစ်ထားကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# အိမ်စာကြည့်တိုက်ထားရှိခြင်း

**သိန်းထွန်း(IR)**

### လူတိုင်း စာဖတ်ရေး

အနာဂတ်လူငယ်များအတွက် ယနေ့အလေးထား ပြောကြားနေသည့် အကြောင်းအရာများစွာထဲမှ တစ်ခုမှာ လူတိုင်းစာဖတ်ရေးဖြစ်သည်။ စာဖတ်ရေးနှင့် ပတ်သက်၍ ယခင်အဆက်ဆက်ကလည်းပြောကြားမှု၊ လုပ်ဆောင်မှုများ ရှိခဲ့သော်လည်း လက်တွေ့တွင် မျှော်မှန်းချက်နှင့် လက်တွေ့အခြေအနေသည် ကွာဟ လွန်းနေဆဲပင်။ ဝမ်းနည်းဖွယ်အခြေအနေဟုဆိုရပေမည်။

စာဖတ်ရှိန်မြှင့်တင်ရေးများ ဆောင်ရွက်နေသည့်ကြားမှ စာဖတ်နှုန်းများ ကျဆင်းလာရသည့်အကြောင်းများစွာကို ဆင်ခြင်မြင်မိသည်။ အကြောင်းတရားများစွာတွင် ကျောင်းများ၌ စာဖတ်မှုအလေ့အကျင့်နည်းပါးလာခြင်း၊ ကျောင်းသားများ ကျောင်းသင်ခန်းစာများနှင့်သာ အချိန်ကုန်များနေခြင်း၊ IT ဖျော်ဖြေရေးပစ္စည်းများ ပေါများလာခြင်း၊ မိဘ သို့မဟုတ် အုပ်ထိန်းသူများကိုယ်တိုင်က လေ့ကျင့်ပြုစုပျိုးထောင်မှု အားနည်းခြင်း၊ စာအုပ်ဈေးနှုန်းကြီးမြင့်ခြင်း၊ စာကြည့်တိုက်များအသုံးပြုနိုင်မှုနည်းပါးသေးခြင်း၊ စာဖတ်ရန်လမ်းညွှန်နိုင်သည့် စာကြည့်တိုက်မှူးများ၊ ဆရာများနည်းပါးလာခြင်း၊ နေ့စဉ်လူမှုဘဝ ရုန်းကန်ရမှု များပြားနေခြင်းစသည့် အခြေခံအကြောင်းတရားများကို တွေ့ရသည်။ ယင်းတို့၏ နောက်ဆက်တွဲ အကျိုးဆက်များတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပွားလာနေသည့် မကြားဝံ့မနာသာဒုစရိုက်ဖြစ်စဉ်များ၊ လူသတ်မှုများ၊ မူးယစ်ဆေးဖြစ်စဉ်များ၊ အစွန်းရောက်တွေးခေါ်မှုများအဖြစ် မြင်နေရ၊ ကြားနေရသည်။

အထက်ဖော်ပြပါ အခြေခံအကြောင်းတရားများကို ဖြေရှင်းရန်အတွက် မိဘများ သို့မဟုတ် အုပ်ထိန်းသူများ၊ ဆရာများ၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများ အသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။ စာဖတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အားလုံးသိရှိပြီးဖြစ်သည်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှု၊ ဆင်ခြင်သုံးသပ်နိုင်စွမ်း စသည့် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ မြင့်မားလာရေးတို့ကို စာပေဖတ်ရှုလေ့လာခြင်းအားဖြင့် ရရှိနိုင်သည်။ သို့သော်လည်း လူငယ်များ စာပေဖတ်ရှုလေ့လာရန် လိုအပ်ကြောင်း၊ လူတိုင်းစာဖတ်ရန်လိုအပ်ကြောင်း သိပါသော်လည်း လက်တွေ့အကောင်အထည်ဖော်မှု၊ ကိုယ်တိုင်အားထုတ်မှုများမှာ လိုအပ်နေဆဲပင်။ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရွေ့လျားစာကြည့်တိုက်၊ စာပေရေချမ်းစင်စသည်ဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင် ဆရာများ၊ ကျောင်းသားများအပြင် မည်သူမဆိုငှားရမ်းဖတ်ရှုနိုင်ပြီဟု သိရသည်။ ဝမ်းသာစရာသတင်းဟု ဆိုရမည်။ စာကြည့်တိုက်များရှိသော်လည်း စာဖတ်အားနည်းနေသေးခြင်းကြောင့် စာဖတ်သည့်အလေ့အကျင့်များ ပြုစုပျိုးထောင်ရေးကို အထောက်အကူဖြစ်စေမည့် အိမ်စာကြည့်တိုက်ထူထောင်ခြင်းကို တင်ပြလိုသည်။

### ပြုစုပျိုးထောင်ရေး

စာဖတ်သည်ဆိုရာမှာလည်း စာမဖတ်သူတစ်ဦးအတွက်၊ စာဖတ်ရန် စိတ်မဝင်စားသူတစ်ဦးအတွက်၊ စာပေနှင့် မနီးစပ်သူတစ်ဦးအတွက် စာဖတ်ရန်ဆိုသည်မှာ ခက်ခဲကောင်း ခက်ခဲနေပေမည်။ သို့သော်လည်း စာဖတ်လာစေရေး အလေ့အကျင့်ဖြစ်လာစေရန်အတွက် ငွေကြေးကုန်ကျမှု၊ အချိန်ပေးရမှု၊ စိတ်ပါဝင်စားမှု၊ ဝီရိယရှိမှု၊ ပြုစုပျိုးထောင်ပေးသူ၊ လမ်းညွှန်နိုင်သူများလိုအပ်ပါသည်။ ငွေကြေးကုန်ကျမှုအတွက် အများနှင့်ဆိုင်သော စာကြည့်တိုက်များကို အသုံးပြုခြင်းဖြင့် ဖြေရှင်းနိုင်သော်လည်း အချိန်ပေးရမှု၊ စိတ်ပါဝင်စားမှု၊ ဝီရိယရှိမှုတို့အတွက် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်ပေမည်။ ငယ်စဉ်ကပင် ပြုစုပျိုးထောင်မှုလည်း ကလေးငယ်၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့်အတူ စဉ်းစားတွေးတောနိုင်စွမ်း မြင့်မားလာပေမည်။

ထိုသို့ဆိုပါက ကလေးငယ်များအတွက်ဖြစ်စေ၊ လူကြီးများအတွက်ဖြစ်စေ စာဖတ်ခြင်း အလေ့အကျင့်ဖြစ်ရေးအတွက် မိမိတို့လက်တစ်ကမ်းတွင် စာအုပ်စာပေများ ရှိနေရန်လိုအပ်ပါလိမ့်မည်။ ယခုအခါ ရပ်ကွက်အတွင်းဖြစ်စေ၊ ကျောင်းများတွင်ဖြစ်စေ စာကြည့်တိုက်များရှိနေပြီဖြစ်သော်လည်း အသုံးပြုသူအရေအတွက်မှာ နည်းပါးနေဆဲဖြစ်ရခြင်းမှာ အစဉ်တစိုက် အားပေးသူနည်းပါးခြင်း၊ ကျောင်းသင်ခန်းစာနှင့် ဆက်စပ်၍ စာပေလေ့လာမှု နည်းပါးလာခြင်း၊ ငယ်စဉ်ကပင် စာဖတ်သည့်အလေ့အကျင့် မရှိခဲ့ခြင်း၊ စာအုပ်စာပေများ လက်တစ်ကမ်းတွင်မရှိခြင်းများ တွေ့ရသည်။ စာပေဖတ်ရှုလေ့လာရန် အားပေးရာတွင် အချိန်တိုအတွက်သာဖြစ်ခြင်း၊ စာပေဖတ်ရှုရန်အတွက် တွန်းအားမရှိခြင်းတို့ကြောင့် စာဖတ်သူပြုစုပျိုးထောင်ရေးမှာ တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘဲရှိနေသည်။ စာဖတ်သူပြုစုပျိုးထောင်ရန် အချိန်ယူရပါသည်။ စာပေဝန်းကျင် လိုအပ်ပါသည်။ ကလေးများအတွက်ဆိုပါက စိတ်ရှည်မှုလည်း လိုအပ်ပါသည်။ စာဖတ်သူတစ်ယောက်ဖြစ်ရန်မှာလည်း လေ့ကျင့်မှုမှ အလေ့အကျင့်၊ အလေ့အကျင့်မှ ဝါသနာ၊ ဝါသနာမှ ကျွမ်းကျင်သူအဆင့်ဆင့်သို့ တက်လှမ်းနိုင်သည်။ အချိန်တိုအတွင်း စာဖတ်ခြင်းအလေ့အကျင့်ရရှိရန်မှာ မဖြစ်နိုင်ဟု မဆိုနိုင်သော်လည်းဖြစ်နိုင်ရန်မှာ ရာခိုင်နှုန်းအားဖြင့် နည်းပါးလှသည်။ ကလေးငယ်များ စာဖတ်ခြင်းအလေ့အကျင့် ပြုစုပျိုးထောင်ရေးတွင် ဖြစ်နိုင်ခြေအများဆုံးနှင့် အောင်မြင်မှုအများဆုံးနည်းလမ်းများအနက် နည်းလမ်းတစ်ခုမှာ အိမ်စာကြည့်တိုက်ထူထောင်ခြင်း သို့မဟုတ် မိသားစုစာကြည့်တိုက်ထားရှိခြင်းဖြစ်သည်။

### သုတေသနတွေ့ရှိချက်

သုတေသနပြုသူများသည် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ သုတေသနပြုချက်များအရ အိမ်များတွင် စာကြည့်တိုက်ထားရှိခြင်း သို့မဟုတ် အသိဉာဏ်ကြွယ်ဝသော ဝန်းကျင်ရှိခြင်းကြောင့် ကလေးများသည် ကျောင်းနေစဉ်ကာလ၌ များစွာ အကျိုးကျေးဇူးရရှိစေကြောင်း တွေ့ရှိခဲ့ရသည်။ အိမ်စာကြည့်တိုက် အခြေအနေပေါ်မူတည်၍ ပညာရေးအပေါ် စဉ်ဆက်မပြတ်အကျိုးသက်ရောက်မှုရရှိစေပြီး မိဘများ၏ ပညာရေး၊ အလုပ်အကိုင်နှင့် အခြားမိသားစုများ၏ နောက်ခံအကျင့်စရိုက်များအပေါ်တွင်လည်း အကျိုးသက်ရောက်စေကြောင်း မကြာသေးမီကလေ့လာချက်များတွင် တွေ့ရှိရသည်။ အိမ်တွင်စာအုပ်မရှိသောကလေးငယ်များထက် အိမ်တွင်စာအုပ် ၅၀၀ ခန့်ထားရှိသောကလေးငယ်တစ်ဦး၏ပညာရေးမှာ ပျမ်းမျှအားဖြင့် ၃ ဒသမ ၂ နှစ်ကျော်စာ မြင့်မားစေကြောင်း တွေ့ရှိခဲ့ရသည်။ ပညာရေးအပေါ် အခြားအကျိုးသက်ရောက်မှုများနှင့် နှိုင်းစာပါက ယင်းသည် ကြီးမားလှသည့် အကျိုးသက်ရောက်မှုဖြစ်ကြောင်း၊ စာအုပ်များစွာရှိသောမိသားစုမှ ကလေးငယ်တစ်ဦးသည် စာအုပ်မရှိသောအိမ်မှ ရွယ်တူကလေးငယ်တစ်ဦးထက် တက္ကသိုလ်မှအောင်မြင်ရန် ၁၉ ရာခိုင်နှုန်း ပိုမိုကြောင်း သုတေသနအဖွဲ့အား ဦးဆောင်သူ နီဗားဒါးတက္ကသိုလ်မှ လူမှုဗေဒပညာရှင် M.D.R Evans က ပြောကြားခဲ့သည်။

ယင်းအကျိုးသက်ရောက်မှုသည် နိုင်ငံ၏ကြွယ်ဝချမ်းသာမှု၊ ယဉ်ကျေးမှု သို့မဟုတ် နိုင်ငံရေးစနစ်များနှင့် ဆက်စပ်ပတ်သက်မှုမရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားမှုရှိနိုင်သည်။ တရုတ်နိုင်ငံတွင် စာအုပ် ၅၀၀ ပိုင်ဆိုင်သည့်မိသားစုမှ ကလေးငယ်တစ်ဦးသည် စာအုပ်မရှိသောအိမ်မှ ကလေးငယ်တစ်ဦးနှင့် နှိုင်းယှဉ်ပါက ပညာရေးတွင် ပျမ်းမျှ ၆ ဒသမ ၆ နှစ်စာ ပိုမိုမြင့်မားပြီး အမေရိကန်တွင် ၂ ဒသမ ၄ နှစ်စာ ပိုမိုမြင့်မားပါသည်။ အိမ်တွင် စာအုပ်များထားရှိခြင်းကြောင့် မိသားစု၏ ပညာရေး၊ ယဉ်ကျေးမှုအပေါ် များစွာအကျိုးပြုစေသည်ဟု သုတေသီများက ပြောကြားခဲ့သည်။ အိမ်တွင် စာပေဖတ်ရှုခြင်းအားဖြင့် ကျောင်းပညာသင်ကြားရေးကိုလည်း အထောက်အကူပြုစေသည်။ အချို့သောမိဘများသည် ကျောင်းပညာရေးအားနည်းသော်လည်း အိမ်တွင် စာအုပ်များထားရှိခြင်း၊ စာပေမြတ်နိုးခြင်း၊ စာပေလေ့လာခြင်းများကြောင့် မိမိသားသမီးများကို စာဖတ်သူများအဖြစ် လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ကြောင်း တွေ့ရှိရသည်။

### အိမ်စာကြည့်တိုက်ထူထောင်ခြင်း

အိမ်စာကြည့်တိုက် ထူထောင်ခြင်းဆိုသည်မှာ ကိုယ်ပိုင်သုတ၊ ရသ၊ ကလေးစာပေစာအုပ်များဝယ်ယူခြင်း၊ စုဆောင်းခြင်းဖြစ်သည်။ ဝင်ငွေနည်းသူများအနေဖြင့် ပုံမှန်ဝယ်ယူရန် ခက်ခဲနိုင်သော်လည်း မိမိတတ်နိုင်သမျှ ဝယ်ယူခြင်းဖြင့် စတင်နိုင်သည်။ ငွေကြေးတတ်နိုင်သူများအနေဖြင့် ပုံမှန်စာအုပ်ဝယ်ယူခြင်းကို အလေ့အကျင့်ပြုလုပ်ထားသင့်သည်။ ယနေ့ကာလသည် စာအုပ်ဝယ်ယူစုဆောင်းကြခြင်းထက် ခေတ်ပေါ်အီလက်ထရွန်နစ်ပစ္စည်းများနှင့် အခြားခေတ်မီပစ္စည်းများကိုအများဆုံးဝယ်ယူလေ့ရှိကြသည်။ သိန်းကျော်တန် တယ်လီဖုန်းတစ်လုံးဝယ်ယူရန် လက်မနှေးတတ်ကြသော်လည်း တစ်ထောင်တန်၊ နှစ်ထောင်တန်၊ သုံးထောင်တန် စာအုပ်တစ်အုပ်ဝယ်ရန်ကိုမူ နှမြောတတ်၊ စဉ်းစားတတ်ကြသည်။ စာအုပ်များပုံမှန် စုဆောင်းဖြစ်စေရန် အတွက် တစ်လလျှင် နှစ်အုပ်၊ သုံးအုပ် ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ အင်္ကျီအသစ်တစ်ထည် ဝယ်ယူတိုင်း စာအုပ်တစ်အုပ်ဝယ်ယူခြင်းဖြင့်လည်းကောင်း ရည်မှန်းချက်ထား၍ လစဉ်ပုံမှန်ဝယ်ယူသင့်သည်။ ဝယ်ယူသည့်အခါတွင်လည်း သုတ၊ ရသ၊ ကလေးစာပေစသဖြင့် အမျိုးအစားစုံလင်စွာ ဝယ်ယူသင့်သည်။ ဝယ်ယူပြီးသော စာအုပ်များကိုလည်း မပျောက်ပျက်၊ မပျက်စီးစေရန် စနစ်တကျ ထိန်းသိမ်းထားသင့်ပါသည်။ ကလေးငယ် ဖတ်ရှုပြီးသောစာအုပ်များကို ကလေးငယ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားစေခြင်းဖြင့် ကလေး၏စိတ်ဓာတ်ကို မြှင့်တင်ပေးရာရောက်ပါသည်။

အိမ်စာကြည့်တိုက်ထားရှိခြင်းဖြင့် ကလေးငယ်များသာမက အိမ်ရှိအခြားသူများလည်း လွယ်လင့်တကူ စာဖတ်လာနိုင်မည်ဖြစ်သည်။ အိမ်စာကြည့်တိုက်ထားရှိသော်လည်း စာမဖတ်စေသည့်အကြောင်းရင်းများလည်းရှိနေသည်။ ယင်းတို့မှာ လူမှုကွန်ရက်များ အသုံးများခြင်း၊ ရုပ်မြင်သံကြား၊ ဗီဒီယိုများအလွန်အကျွံကြည့်ခြင်း၊ ဂိမ်းဆော့ခြင်း၊ အပြင်အလည်အပတ်များနေခြင်း၊ အပျော်များနေခြင်း၊ စာဖတ်ရမှန်းမသိခြင်း စသည်တို့မှာ စာမဖတ်ဖြစ်ရသည့် အကြောင်းအရင်းများဖြစ်သည်။ သို့ဖြစ်ရာကလေးများနှင့် မိမိကိုယ်တိုင်စာဖတ်နိုင်စေရန်အတွက် အထက်တွင်ဖော်ပြခဲ့သည့် စာမဖတ်ရသည့် အကြောင်းအရင်းများကို အချိန်ပိုင်းအဖြစ်ကန့်သတ်ရန် လိုအပ်မည်ဖြစ်သည်။ ကလေးများစာဖတ်လာစေရန်အတွက် ကလေးများကို မိဘ သို့မဟုတ် မိသားစုအတူနေသူများက စာဖတ်ပြခြင်း၊ အတူတူဖတ်ခြင်း၊ လမ်းညွှန်ပေးခြင်း၊ ဖတ်ပြီးသောစာများကို ဆွေးနွေးခြင်း၊ ကလေးများကို မေးခွန်းများမေး၍ အဖြေကိုစာအုပ်တွင် ရှာစေခြင်း၊ ကလေးများမေးသော မေးခွန်းများကိုဖြေရာတွင် စာအုပ်များဖတ်ပြ၍ ဖြေပေးခြင်းများဖြင့် ကလေးများ၏ စာဖတ်လိုစိတ်ကို နှိုးဆွပေးရန် လိုအပ်သည်။ ပုံမှန်စာဖတ်ဖြစ်စေရန် စာဖတ်ချိန်များ သတ်မှတ်၍လည်းစာဖတ်စေနိုင်သည်။ ထိုစာဖတ်ချိန်များတွင် ကလေးများရှေ့၌ ရုပ်မြင်သံကြားကြည့်ခြင်းကဲ့သို့သော ကလေးစိတ်ပျံ့လွင့်စေသည့် အပြုအမူများ မပြုလုပ်ရန်လည်းလိုအပ်သည်။ အထူးသတိချပ်ရန်မှာ ကလေးများအတွက် စာအုပ်များဝယ်ပေးပြီး စာဖတ်ကြဟုပြောရုံဖြင့် စာဖတ်သောကလေးများ ဖြစ်လာမည်ဟု မမျှော်လင့်နိုင်ဘဲ မိမိတို့ကိုယ်တိုင်က ဦးဆောင်လမ်းညွှန်ပေးရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ အလေ့အကျင့်ရလာပါက ကလေးများသည် အားလပ်ချိန်များတွင် ၎င်းတို့ကိုယ်တိုင် စာအုပ်စင်မှစာအုပ်များကို ကိုယ်တိုင်ရှာဖွေဖတ်ရှုလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

သို့မှသာ အိမ်စာကြည့်တိုက်ထားရှိခြင်း အကျိုးကျေးဇူးကို သိရှိခံစားလာရမည်ဖြစ်ပါကြောင်းနှင့် အနာဂတ်မျိုးဆက်များ၏ အသိဉာဏ်တံခါး ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**အိမ်တွင် စာအုပ်မရှိသော ကလေးငယ်များထက် အိမ်တွင် စာအုပ် ၅၀၀ ခန့်ထားရှိသော ကလေးငယ်တစ်ဦး၏ပညာရေးမှာ ပျမ်းမျှအားဖြင့် ၃ ဒသမ ၂ နှစ်ကျော်စာ မြင့်မားစေကြောင်း တွေ့ရှိခဲ့ရသည်။ ပညာရေးအပေါ် အခြားအကျိုးသက်ရောက်မှုများနှင့်နှိုင်းစာပါက ယင်းသည် ကြီးမားလှသည့် အကျိုးသက်ရောက်မှုဖြစ်ကြောင်း ...**

## အောင်လံမြို့တွင် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်လှစ်

**အောင်လံ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ စမ်းချောင်းရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့ ကျောင်းအားကစားကွင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် ကလေးစာပေများနှင့် သုတ၊ ရသစာအုပ်များကို ဦးမိုးကျော်ဦး ဦးဆောင်သော စာအုပ်ရောင်းအဖွဲ့တို့ပူးပေါင်း၍ စာအုပ်ဈေးရောင်းပွဲတော်အဖြစ် အောက်တိုဘာ ၆ ရက်မှ စတင်ဖွင့်လှစ်ရောင်းချခဲ့သည်။

စာအုပ်များမှာ ဈေးနှုန်းချိုသာပြီး ရှားပါးစာအုပ်များလည်း ပါရှိနေသဖြင့် စာအုပ်ဝယ်သူ၊ စာဖတ်သူများဖြင့် စည်ကားလျက်ရှိပြီး ယင်းစာအုပ်ရောင်းဈေးပွဲတော်ကို အောက်တိုဘာ ၁၀ ရက်အထိ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**



## စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ပုံပါကျင် အောက်တိုဘာ ၈**

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပုံပါကျင်မြို့ အထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **စိုင်းရွှေအောင်**

# မှုခင်းတွေ များပြားခြင်း၊ ပိုမိုရမ်းကားလာခြင်းဟာ အဂတိလိုက်စားခြင်းနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ အဂတိလိုက်စားမှုဟာ အများပြည်သူရဲ့ ဘုံရန်သူဖြစ်နေတာကို စိစစ်တွေ့မြင်နိုင်ပါတယ်

မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်

## တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများလုံခြုံရေးအတွက် စကားဝိုင်းကျင်းပ

ခင်ရတနာ၊ ဇင်ဦး
ဓာတ်ပုံ-သီဟစည်သူ

**ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်းခေါင်းစဉ် ဒုတိယပိုင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နီတြိပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆက်လက်ဆွေးနွေးခဲ့ကြသည်။**



**အစီအစဉ်မှူး။** ။ ယခုအခါမှာ မှုခင်းတွေများပြားလာသလို မှုခင်းပုံစံတွေကလည်း အမျိုးမျိုးဖြစ်ပွားနေတာ ကြားသိနေရပါတယ်။ မှုခင်းတွေကို တစ်ဦးချင်းဖြစ်ဖြစ်၊ အဖွဲ့လိုက်ဖြစ်ဖြစ် ကျူးလွန်နေကြတယ်၊ လက်နက်ကိုင်ရမ်းကားလာတာတွေကိုလည်း တွေ့မြင်နေရပါတယ်။ ဒီလိုမှုခင်းအခြေအနေတွေအပေါ် ဆရာတို့အနေနဲ့ ဘယ်လိုသုံးသပ်ရှုမြင်ကြသလဲဆိုတာနဲ့ ဘယ်လိုစိန်ခေါ်မှုတွေရှိသလဲဆိုတာကို ဆွေးနွေးပေးစေချင်ပါတယ်။

**ဦးမျိုးတင့်။** ။ လူမှုအဆောက်အအုံ အတွင်းမှာ လက်နက်ကိုင် ရမ်းကားမှုတွေ၊ အုပ်စုဖွဲ့ရမ်းကားမှုတွေဖြစ်ပေါ်တာက သက်ဆိုင်ရာ လူမှုအဆောက်အအုံရဲ့တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်ရာရောက်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ လူ့ဘောင်အသိုင်းအဝိုင်းထဲမှာနေတဲ့ ဥပဒေနဲ့အညီနေထိုင်တဲ့ ပြည်သူလူထုတွေက မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်အပေါ်မှာ စိတ်ချယုံကြည်ရမှုနည်းပါးလာတဲ့အခါမှာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နဲ့ တရားစီရင်ရေးယန္တရားများအပေါ်မှာ အယုံအကြည် ကင်းမဲ့လာစေနိုင်ပါတယ်။ ဒါကြောင့် ဒီလိုဖြစ်ပေါ်မှုတွေကို တားဆီးနိုင်ဖို့အတွက်ကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။

တစ်ခုကတော့ မှုခင်းများဖြစ်ပေါ်လာမှုမရှိအောင် ကြိုတင်ကာကွယ်ခြင်းနဲ့ ဖြစ်ပွားပြီးတဲ့ မှုခင်းတွေမှာ သက်ဆိုင်ရာ ကျူးလွန်သူတရားခံများကို အမြန်ဆုံး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းတွေက ကျူးလွန်သူများကို သက်ဆိုင်ရာမှာ အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးတရားစွဲဆိုနိုင်ဖို့လိုသလို လိုအပ်တဲ့ သက်သေခံချက်များကိုလည်း ပြည့်ပြည့်စုံစုံတင်ပြပြီး တရားရုံးများကို တရားစွဲဆိုနိုင်ဖို့လိုပါတယ်။ တစ်ဖက်က တရားရုံးများကလည်း မိမိတို့ လက်ခံရရှိတဲ့အမှုတွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲနဲ့ ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်ပါက ပြစ်မှုနဲ့ညီညွတ်တဲ့ ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်တွေကို ချမှတ်ပေးမယ်ဆိုရင် နောင်အလားတူ ကျူးလွန်နိုင်တဲ့ ပြစ်မှုများ မကျူးလွန်နိုင်၊ ကျူးလွန်မှုလျော့နည်းသွားစေမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးအဖွဲ့နဲ့ တရားစီရင်ရေးအဖွဲ့များ ကဏ္ဍအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနဲ့ ကျူးလွန်တဲ့ တရားခံတွေကို အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းထဲမှာ အခုလို အုပ်စုဖွဲ့ရမ်းကားခြင်း၊ လက်နက်ကိုင်ရမ်းကားခြင်းမှုခင်းများ လျော့နည်းသွားမယ်လို့ ဆွေးနွေးလိုပါတယ်။

**ဦးဝင်းမြင့်။** ။ ဒီလိုမှုခင်းတွေနဲ့ပတ်သက်လို့ ကျွန်တော် ဆွေးနွေးရရင် သတင်းစီးဆင်းမှုပေါ့။ သတင်းစီးဆင်းမှုက ဒီနေ့ ပုံနှိပ်မီဒီယာခေတ်ထက် ဒစ်ဂျစ်တယ်ခေတ်မှာ ပိုပြီးတော့ မြန်ဆန်လာတဲ့အပြင် နယ်ပယ်လည်း ကျယ်ပြန့်လာပါတယ်။ ဒစ်ဂျစ်တယ်နည်းနဲ့ လူမှုမီဒီယာတွေကြောင့် မှုခင်းတစ်ရပ်ဖြစ်ပွားပြီဆိုရင် အများပြည်သူက အချိန်နဲ့တစ်ပြေးညီ တစ်ပြိုင်နက် သိရှိခွင့်ရကြပါတယ်။ အဲဒါမှာ ကောင်းတာရှိသလို မကောင်းတာတွေလည်းဖြစ်လာပါတယ်။ တချို့ကိစ္စတွေမှာ သတင်းကို ချဲ့ကားပြီးတော့ ထည့်လိုက်တာကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်တာမျိုးတွေ ရှိနေပါတယ်။ တချို့ကျတော့ မိမိတို့ လိုချင်ရာကို ပုံဖော်လှုံ့ဆော်တာကြောင့် လွဲမှားတဲ့သက်ရောက်မှုတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါကတော့ မမှန်သတင်းတွေ၊ သတင်းတုတွေကို ထိန်းကျောင်းဖို့လိုတာကို တွေ့ရပါတယ်။ မှုခင်းတွေ များပြားလာတဲ့အချက်ကို ကြည့်မယ်ဆိုရင် တချို့က တကယ်တော့ မကျေနပ်ချက်တစ်ခုကနေ ပေါက်ဖွားလာတာပေါ့။ မိမိရဲ့ မကျေနပ်ချက်ကို တရားဥပဒေဘောင်အတွင်းက ဖြေရှင်းဖို့မကြိုးစားဘဲနဲ့ စိတ်ခံစားမှုကို ရှေ့တန်းတင်ပြီး ဖြေရှင်းတာကို တွေ့ရပါတယ်။

အလားတူပဲ စားဝတ်နေရေးအခက်အခဲကြောင့် ဖြစ်ပွားတဲ့ပြစ်မှုတွေ၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ လောင်းကစားကို အခြေခံလာတဲ့ ပြစ်မှုတွေ၊ အသိပညာနဲ့ တွေးတောစဉ်းစားဆင်ခြင်မှု နည်းပါးတာတွေကြောင့် ဖြစ်ပွားတဲ့ ပြစ်မှုတွေ၊ ဒေါသကို မထိန်းနိုင်လို့ဖြစ်တဲ့ ပြစ်မှုတွေ စတဲ့ အကြောင်းတရားမျိုးစုံကို အခြေခံလာတဲ့ ပြစ်မှုတွေကို တွေ့ရပါတယ်။ မှုခင်းတွေမှာ အုပ်စုဖွဲ့ပြီး ကျူးလွန်တာတွေ၊ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ပြီးတော့ ကျူးလွန်တာတွေ့ရပါတယ်။ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်တဲ့ကိစ္စမှာ တရားမဝင် လက်နက်ကိုင်ဆောင်တဲ့ အခြေအနေတွေကြောင့် လက်နက်တွေ အသုံးပြုပြီးတော့ ကျူးလွန်တာတွေကိုတော့ ကျွန်တော်တို့ ထိရောက်စွာ အရေးယူဖို့လိုပါမယ်။ တည်ဆဲဥပဒေတွေအရ လက်နက်ကိုင်တဲ့အမှုတွေကို အရေးယူဖို့လိုပါတယ်။ ဒ့ါအပြင် လူအုပ်စုနဲ့ရမ်းကားတဲ့ကိစ္စတွေကတော့ ထိထိရောက်ရောက်ကို အရေးယူရမှာဖြစ်ပါတယ်။ မှုခင်းဖြစ်ပွားမှုတွေကို ကြည့်မယ်ဆိုရင် မူးယစ်ဆေးဝါး၊ အရက်ရောင်းချတာတွေကို တားဆီးဖို့ လိုအပ်ပါတယ်။ လောင်းကစားတွေကို တားဆီးဖို့ လိုအပ်ပါတယ်။ မှုခင်းတစ်ရပ်ကိုကြည့်မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကျူးလွန်တဲ့သူရော၊ ကျူးလွန်ခံရတဲ့သူရော ထိခိုက်မှုဖြစ်တဲ့အပြင် နိုင်ငံတော်အတွက်ပါ ထိခိုက်ပါတယ်။ အဘက်ဘက်က ထိခိုက်မှုတွေ မဖြစ်ပေါ်စေဖို့၊ မှုခင်းလျော့နည်းစေဖို့ဟာ အားလုံးဆွေးနွေးသလိုပဲ မှုခင်းကြိုတင်ကာကွယ်ရေးဟာ အင်မတန်ကို အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။

မှုခင်းကြိုတင်ကာကွယ်တဲ့နေရာမှာ အသိပညာပေးဟောပြောပွဲတွေလုပ်မယ်ဆိုတာ ထပ်ခါထပ်ခါပြောပြီးဖြစ်ပါတယ်။ နောက်အရေးကြီးတဲ့ နေရာတွေမှာ အချိန်နဲ့တစ်ပြေးညီ သိဖို့အတွက် CCTV ကင်မရာတွေ တပ်ခြင်း၊ ခေတ်မီနည်းစနစ်ကိရိယာတွေကို သုံးစွဲခြင်းတွေလည်း လိုအပ်လာပြီဖြစ်ပါတယ်။ မှုခင်းတွေ ထပ်ပြီးတော့ မဖြစ်ပွားဖို့အတွက် တရားစွဲအရေးယူတာ၊ ထိရောက်ဟန့်တားတဲ့ ပြစ်မှုတွေပေးဖို့ဆိုတာလည်း လိုအပ်ပါတယ်။ အဲဒီတော့ အပြစ်မရှိတဲ့သူတွေကို အပြစ်မပေးဖို့၊ အပြစ်ရှိတဲ့သူတွေကို အပြစ်ပေးဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ လုံခြုံရေးကို ထိခိုက်တဲ့အမှုတွေပါ တကယ်ထိရောက်သော ပြစ်ဒဏ်တွေပေးဖို့လိုတယ်လို့ မြင်ပါတယ်။

ဒီနေရာမှာ ပြစ်ဒဏ်ပေးခြင်းဟာ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ရမယ်လို့ဆိုသော်ငြားလည်းပဲ ပြစ်မှုနဲ့ထိုက်တန်တဲ့ ပြစ်ဒဏ်ကိုပေးမှသာ တရားဥပဒေစိုးမိုးမှုရှိမှာဖြစ်ပါတယ်။ အခုဆွေးနွေးတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ကတော့ အဓိက အားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့လိုတယ်လို့ တင်ပြချင်ပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းက ဥပဒေကို လေးစားလိုက်နာဖို့ လိုအပ်သလို အားလုံးဌာနဆိုင်ရာအသီးသီးကလည်း မိမိတို့ရဲ့ တာဝန်တွေကို ကျေပွန်စွာ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီအချက်တွေကို ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ တရားဥပဒေစိုးမိုးရေး ပို၍ပို၍ ပီပြင်စွာဆောင်ရွက်နိုင်မယ်လို့ ဆွေးနွေးလိုပါတယ်။

**ဦးဟန်ညွန့်။** ။ရာဇဝတ်မှုတွေများပြားပြီးတော့ ပိုမိုရမ်းကားလာတဲ့ကိစ္စဟာ အဂတိလိုက်စားမှုနဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ သုံးသပ်တင်ပြပါရစေ။

အဂတိကြောင့် တရားဥပဒေစိုးမိုးရေး ပျက်ယွင်းနိုင်တယ်။ တရားဥပဒေစိုးမိုးရေး ယိုင်လဲနိုင်တယ်။ တစ်နည်းနည်းနဲ့ အနှောင့်အယှက်ပေးနိုင်တာက အဂတိတစ်ပါးပါးကြောင့် အဂတိဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် မှုခင်းတွေ များပြားခြင်း၊ ပိုမိုရမ်းကားလာခြင်းဟာ အဂတိလိုက်စားခြင်းနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ အဂတိလိုက်စားမှုဟာ အများပြည်သူရဲ့ ဘုံရန်သူဖြစ်နေတာကို စိစစ်တွေ့မြင်နိုင်ပါတယ်။ အများပြည်သူက အဂတိကို ဘုံရန်သူအဖြစ် သတ်မှတ်ဖို့ အချိန်တန်နေပါပြီ။ အဂတိကင်းစင်တဲ့ တရားဥပဒေစိုးမိုးရေးပန်းတိုင်ကို အများပြည်သူက ညီညာဖြိုချီတက်သွားကြဖို့ အချိန်ကိုလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးတာကို မစိုးမိုးအောင်၊ တရားဥပဒေစိုးမိုးမှု ပျက်ယွင်းအောင်၊ မှန်တာကို မှားအောင်၊ မှားတာကို အမှန်ထင်အောင်၊ ကပြောင်းကပြန် စိတ်ဓာတ်ရေးရာဥပဒေမဲ့တွေ ကျူးလွန်လာကြတာကိုလည်း တစ်ဖက်က တွေ့မြင်လာရပါတယ်။ ဥပဒေစိုးမိုးတဲ့သူတွေကို နည်းမျိုးစုံနဲ့ လာဘ်ပေးလာဘ်ယူ လုပ်လိုက်ကြတယ်။ အဂတိမှုတွေဖြစ်အောင် ဖန်တီးကြတယ်။ ဖျက်ဆီးကြတယ်။ ထို့အတူ တရားရေးမဏ္ဍိုင်ကိုလည်း ပြိုလဲအောင်၊ ယိုင်လဲအောင် ကြံဆောင်ကြတယ်။ နည်းမျိုးစုံနဲ့ အနှောင့်အယှက်ပေးကြတယ်။

အပျက်နဲ့ အဖျက်ကို ဒီနေရာမှာ ပူးတွဲပြီးတော့ တွေ့ရပါတယ်။ ဒါကြောင့် အပျက်နဲ့ အဖျက်မှာ တရားဥပဒေစိုးမိုးမှုက အောင်ပွဲခံမလား၊ ဆိုးသွမ်းတဲ့အုပ်စုကပဲ အနိုင်ယူမလား စဉ်းစားဆုံးဖြတ်ရမယ့်အချိန်ကို ရောက်ရှိလာပါတယ်။ တရားဥပဒေစိုးမိုးရေးက အဓိကလား၊ မင်းမဲ့စရိုက်နဲ့ ရမ်းကားသူတွေက အဓိကလားဆိုတာ ပြည်သူအများက ခွဲခွဲခြားခြားနဲ့ ကျင့်ကြံပြီးတော့ သတိပြုကြဖို့အချိန်ကို ရောက်လာပါပြီ။ အဲဒီလိုရောက်လာတဲ့အတိုင်း အတာနဲ့အညီ ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားဆိုတာကို ကျွန်တော်တို့အားလုံးက ပေါ်ပေါက်တဲ့မှုခင်းတွေမှာ သုံးသပ်ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။ ကုစားသွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရာဇဝတ်မှုတွေများပြားပြီးတော့ ပိုမိုရမ်းကားလာတဲ့ကိစ္စကို သတိ၊ ဝီရိယနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးရှုထောင့်က ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါလို့ မေတ္တာရပ်ခံ အကြံပြုလိုပါတယ်ခင်ဗျာ။

**ရဲဗိုလ်ချုပ် အောင်နိုင်သူ။** ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာမှာ လက်ရှိ ရင်ဆိုင်တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုနှစ်မျိုး တွေ့ရှိနေရတာ ဖြစ်ပါတယ်။ ပထမတစ်မျိုးကတော့ ပြစ်မှုများနဲ့ ပြစ်ဒဏ်ကျပြီး အပြင်ကို ရောက်လာတဲ့သူတွေက ထပ်မံကျူးလွန်တဲ့ မှုခင်းများဖြစ်ပြီးတော့ နောက်တစ်မျိုးကတော့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးစတဲ့ များစွာသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေက တွန်းပို့မှုကြောင့် ဖြစ်ပေါ်လာတဲ့ မှုခင်းများပဲ ဖြစ်ပါတယ်။

ပထမ အမျိုးအစားဖြစ်တဲ့ ပြစ်မှုတွေကျူးလွန်ပြီး ပြစ်ဒဏ်ကျပြီး ပြန်ထွက်လာတဲ့သူတွေက ကျူးလွန်တဲ့ ပြစ်မှုတွေကို ကျွန်တော်တို့ နယ်ထိန်းလုပ်ငန်းတွေနဲ့ စနစ်တကျကြိုတင်ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်။ ဒုတိယအမျိုးအစားဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစတဲ့ များစွာသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေရဲ့ တွန်းပို့မှုတွေကြောင့် ကျူးလွန်ဖို့ တာစူနေတဲ့ အဖွဲ့တွေကိုတော့ ကျွန်တော်တို့ရဲတပ်ဖွဲ့ တစ်ဖွဲ့တည်းနဲ့မဟုတ်ဘဲ အားလုံးဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မှသာ ဒီစိန်ခေါ်မှုကို အောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယစိန်ခေါ်မှုတွေ ဖြစ်ပွားနေရတဲ့အကြောင်းအရင်းတွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် တချို့တွေဟာ လုံလောက်တဲ့ မိသားစုဝင်ငွေရရှိဖို့အတွက်၊ အလုပ်အကိုင်ရရှိဖို့အတွက် ပတ်ဝန်းကျင်မှာ အလုပ်အကိုင် လိုက်လံရှာဖွေရာကနေပြီး ဝိသမလောဘသားများရဲ့ သားကောင်တွေဖြစ်လာတယ်။ အဲဒီကနေတစ်ဆင့် ဥပဒေနဲ့မညီတဲ့အလုပ်တွေကို လုပ်ကိုင်လာတယ်။ ဒီကတစ်ဆင့် ဥပဒေကို ချိုးဖောက်လာတဲ့ အလုပ်အကိုင်ကို လုပ်ကိုင်လာကြတာ ဖြစ်ပါတယ်။

နောက်တချို့ကတော့ အလုပ်အကိုင်ရရှိရေးအတွက် ပြောင်းရွှေ့နေထိုင်ပြီးတော့ မြို့ကြီးတွေမှာ ရောက်လာတယ်။ အဲဒီအချိန်မှာ မြို့ကြီးတွေရဲ့ လူဦးရေက အဆမတန်တိုးပွားလာတယ်။ ဒီတိုးပွားလာတဲ့ လူဦးရေများနဲ့အညီ လူမှုရေးပြဿနာတွေ၊ ကျူးကျော်တဲ့ ပြဿနာတွေ၊ အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ပြဿနာတွေ၊ ရရာအလုပ်ကို ရှာဖွေလုပ်ကိုင်ရာကနေပြီးတော့ ပြစ်မှုတွေကို ဦးတည်လာတဲ့ဖြစ်ရပ်တွေကို တွေ့ရှိလာရတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ နည်းပညာတွေတိုးတက်လာတာနဲ့အမျှ အင်တာနက်ဟာ တောရွာမြို့တွေမှာပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြတယ်။ အဲဒီအခါမှာ အွန်လိုင်းတွေကနေ လိမ်လည်မှုဆိုင်ရာတွေဖြစ်လာကြတယ်။ လူကုန်ကူးမှုတွေ၊ လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုခြိမ်းခြောက်မှုတွေ၊ အသရေဖျက်မှုတွေ စသည်ဖြင့် အွန်လိုင်းတွေမှာ ထပ်မံပြီးတော့ ကျူးလွန်လာကြတာကို တွေ့ရတဲ့ အချက်ဖြစ်ပါတယ်။ တစ်ခါ အဲဒီအွန်လိုင်းတွေပေါ်ကနေပဲ အတုယူမှားကြပြီးတော့ လူတွေဟာ နိုင်ငံတကာက ကိုယ့်နိုင်ငံယဉ်ကျေးမှုနဲ့ မစပ်ဟပ်တဲ့ လူနေမှုစရိုက်တွေကိုလည်း ကျူးလွန်လာကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ထို့အတူပဲ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတယ်။ ဒီလိုလမ်းပန်းဆက်သွယ်ရေး ကောင်းလာတာနဲ့ ကုန်စည်စီးဆင်းမှုတွေ ပိုမိုပြီးတော့ လျင်မြန်လာတယ်။ ဒီအပေါ်မှာ အသုံးချပြီးတော့ ပြစ်မှုကျူးလွန်တဲ့သူများက ကျူးလွန်လာကြတဲ့အခါမှာ စီးပွားရေးဆိုင်ရာ မှုခင်းတွေ ဖြစ်လာတယ်။

စာမျက်နှာ ၈ သို့ ❖

# (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**
(၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး 53rd Meeting of ASEAN Committee on Culture and Information (53rd ASEAN-COCI Meeting)ကျင်းပရေးဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





**ဝိုင်းဝန်းပူးပေါင်း**

အစည်းအဝေးတွင် (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံ၌ နိုဝင်ဘာလတွင် ကျင်းပရန်ရှိပါကြောင်း၊ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

လာမည့် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးသည် အာဆီယံပဋိညာဉ်စာချုပ်ပါမူဘောင်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံပြီး ဥက္ကဋ္ဌတာဝန်ယူကာ အလှည့်ကျကျင်းပရသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ (၅၃)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည်ဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီသည် အာဆီယံပြည်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများ ရရှိစေရန်နှင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ကို အောင်မြင်စွာဖော်ဆောင်နိုင်ရန် အပြင် အာဆီယံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရန်တွက် လိုအပ်သည့် စီမံကိန်းများရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်ခြင်းများကို ဖော်ဆောင်ကြိုးပမ်းလျက်ရှိပါကြောင်း။

ထို့ကြောင့် ဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူထားကြသည့်ဌာနဆိုင်ရာ ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံကဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည့် (၅၃) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့်အကြံပြုချက်များကို ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာနှင့် အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်တို့က (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားမှု၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ လုံခြုံရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အာဆီယံပဋိညာဉ်စာချုပ်ပါမူဘောင်အရ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အိမ်ရှင်အဖြစ်လက်ခံ၍ ဥက္ကဋ္ဌတာဝန်ယူကာ အလှည့်ကျကျင်းပလျက်ရှိရာ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက်ပိုင်း အလှည့်ကျရောက်သည့် (၃၅) ကြိမ်မြောက် ASEAN-COCI အစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ (၄၃)ကြိမ်မြောက် ASEAN-COCI အစည်းအဝေးကို ၂၀၀၈ ခုနှစ်တွင် နေပြည်တော်၌ လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဥက္ကဋ္ဌတာဝန်ယူ၍ မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်။

**တိုးမြှင့်ဆောင်ရွက်လာနိုင်**

ယခုထပ်မံအလှည့်ကျသော (၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး နေပြည်တော်၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းအစည်းအဝေးကျင်းပခြင်းအားဖြင့် ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍအောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများဖြစ်သော အာဆီယံဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခြင်းနှင့် အာဆီယံအပေါ် အပြုသဘောဆောင်သည့် အတွေးအမြင်ရှိရေး၊ ယဉ်ကျေးမှု၊ အနုပညာပြပွဲများအား တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်း စသည့် အကျိုးများရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၈) သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၈**
ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၈)ကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိယ်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပါမောက္ခချုပ် ဦးအောင်တင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဌာနမှူး၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၈)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၇၆ ဦး၊ သင်တန်းသူ ၇၇ ဦး စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အခြေခံရေကြောင်းပညာ (အရာရှိ) သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၈**
အခြေခံရေကြောင်းပညာ(အရာရှိ) သင်တန်းအမှတ်စဉ်(၁/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရေကြောင်းရဲတပ်ဖွဲ့မှ သင်တန်းသားအရာရှိ ၁၁ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှ သင်တန်းသားအရာရှိ ၁၉ ဦး စုစုပေါင်း သင်တန်းသားအရာရှိ ၃၀ ဖြင့် တပ်မတော်(ရေ) ရေတပ်လေ့ကျင့်ရေးဌာနချုပ် (သန်လျင်)ရှိ မေယုစစ်သင်္ဘောအနီး မြက်ခင်းပြင်တွင် ယနေ့နံနက် ၈ နာရီက ကျင်းပရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှူး ဗိုလ်ချုပ်ဌေးနိုင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေမိုးသက်နှင့် အရာရှိကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၇ မှ
နယ်စပ်ဖြတ်ကျော်မှုခင်းတွေ ဖြစ်လာတယ်။ တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ ဖြစ်လာတယ်။ လူကုန်ကူးမှုတွေ၊ လူမှောင်ခိုမှုတွေ ထပ်မံပြီးတော့ ကျူးလွန်လာတာကို တွေ့ရှိရပါတယ်။ ဒီလိုပဲ အချို့လူငယ်များကတော့ မိသားစုရဲ့ ဝင်ငွေနည်းမှုကြောင့် ပညာကို လုံလုံလောက်လောက်တတ်ကျွမ်းအောင် မသင်ကြားတော့ဘဲနဲ့ ရရာအလုပ်ကို လုပ်ကိုင်ရာကနေ၊ ကြမ်းတမ်းတဲ့ လူ့ဘဝကိုဖြတ်သန်းရာကနေ ငွေရဖို့သက်သက်ကိုသာ ဦးတည်လာကြပြီးတော့ အတွေးအခေါ်တွေကလည်း ဒုစရိုက်လုပ်ငန်းတွေမှာသာ မွေ့လျော်လာတဲ့အနေအထားကို တွေ့ရှိလာရပါတယ်။

ဒါကြောင့်မို့ ဒါတွေကလည်း ပြစ်မှုကျူးလွန်ဖို့ စိန်ခေါ်တာတွေလည်း ဖြစ်ပေါ်လာစေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့ကြီးများ၊ ကျေးလက်များမှာ ရှိနေကြတဲ့ လူဦးရေတိုးပွားလာတဲ့၊ နည်းပညာအသုံးပြုလာတဲ့၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတဲ့၊ လူ့အသုံးအဆောင်တွေ ခေတ်မီလာတဲ့ အချက်တွေဟာ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေတာမှန်ပေမယ့် တစ်ဖက်မှာလည်း ဒါတွေကို အသုံးချပြီးတော့ ဝိသမလောဘသားကောင်တွေ ဖြစ်လာကြတဲ့သူတွေဟာ နယ်စပ်ဖြတ်ကျော် မှုခင်းတွေ၊ နိုင်ငံတကာနဲ့ ဆက်စပ်ပတ်သက်တဲ့ အခုဖြစ်ပေါ်နေတဲ့ Cyber Crime လို ကိစ္စမျိုးတွေ ထပ်မံကျူးလွန်လာတာတွေဟာ တရားဥပဒေစိုးမိုးရေးအတွက် စိန်ခေါ်မှုတွေ များစွာဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာလည်းပဲ မိမိနိုင်ငံတိုးတက်ရေးကို ဦးတည်ပြီးတော့ ဆောင်ရွက်နေကြသလို ကျွန်တော်တို့နိုင်ငံကလည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေကို အဟန့်အတား မဖြစ်စေဖို့အတွက် ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရဲတပ်ဖွဲ့တစ်ဖွဲ့တည်း၊ တရားဥပဒေစိုးမိုးမှုအဖွဲ့တွေဖြစ်တဲ့ တရားစီရင်ရေးအဖွဲ့တွေ၊ ဥပဒေပြုရေးအဖွဲ့တွေနဲ့သာမက ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီးကလည်း ပြည်သူများနဲ့ပူးပေါင်းဆောင်ရွက်မှသာလျှင် ဒီစိန်ခေါ်မှုတွေ ကျော်လွှားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ အောက်တိုဘာ ၈**

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက စီမံကိန်းများရေးဆွဲရာ၌ ဒေသခံပြည်သူများအတွက် အမှန်တကယ် ထိရောက်အကျိုးရှိမည့်လုပ်ငန်းများကို ဦးစားပေးရေးဆွဲသွားရန် လိုအပ်ကြောင်း၊ ထို့ပြင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သတ်မှတ်အရည်အသွေးပြည့်မီ၍ အလေအလွင့်နည်းပါးအောင် တာဝန်ရှိသူများအနေဖြင့် အဂတိတရားကင်းစွာဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ဘဏ္ဍာငွေ အလေအလွင့်နည်းပါးပြီး ဒေသခံပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် စီမံကိန်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် အလေးထားပံ့ပိုးကူညီပေးနေသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်း



ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့်လုပ်ငန်းများအပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယနေ့အချိန်တွင် ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ အတန်အသင့် ပြည့်စုံနေပြီဖြစ်၍ ဒေသခံပြည်သူများနှင့်အတူ လက်တွဲပြီး ယခုထက်ပိုမိုတိုးတက်အောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ မင်းဘာကြီးလမ်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအခမ်းအနားကို တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့ဝန်ဆောင်မှုရုံးအား ဖွင့်လှစ်ပေးကြပြီး ရုံးအတွင်းရှိ ဌာနဆိုင်ရာရုံးခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် ပြည်သူများအား ဝန်ဆောင်မှုပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးကို ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှုပေးရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် စုပေါင်းရုံးမှ စစ်တွေမြို့၏ အချက်အချာကျသည့် ကျောင်းကြီးလမ်းရပ်ကွက် မင်းဘာကြီးလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ရုံး၌ အခွန်ကိစ္စရပ်များနှင့် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း အပါအဝင် လုပ်ငန်းပေါင်း ၆၂ ခုကို ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနတို့မှ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

**○ MMA တွဲဆိုင်းများမှ**

ဖိုးသော်၏ပွဲစဉ်၊ မြန်မာကစားသမားအချင်းချင်းထိုးသတ်မည့် ပွဲစဉ်တစ်ပွဲ ပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အောင်လအန်ဆန်နှင့် ကရာကီတို့၏ တွဲဆိုင်းအပြင် အခြားပွဲစဉ်များအဖြစ် ဖိုးသော်(မြန်မာ)နှင့် ဆူဘား(မလေးရှား)၊ ရာဖေးလ်(ဘရာဇီးလ်)နှင့် မိုလစ်ဒ်(ရုရှား)၊ အီမီလို(အမေရိကန်)၊ အီဗရာဟင်မ်(မော်ရိုကို)နှင့် တာရစ်ခ်(မော်ရိုကို)၊ ဒီဂျေဒမ်မောင်း(ထိုင်း)နှင့် ဟာမန်းရှု(အိန္ဒိယ)၊ ဟန်ကျိုးဟွာ(တရုတ်)နှင့် ရိုင်ယန် (ဖိလစ်ပိုင်)၊ ရဲသွေးနီ(မြန်မာ)နှင့် မိုက်ရိုင်း(မြန်မာ)၊ လူးဝစ်(ဘရာဇီးလ်)နှင့် ဒိုင်ချိ(ဂျပန်)၊ ဂျိုးဇက်(အီတလီ)နှင့် တိုနာ(ဩစတြေးလျ)၊ မာရှုဒေါင်(တရုတ်)နှင့် အာမက်(အာဖဂန်နစ္စတန်)၊ ရူဒီ(အင်ဒိုနီးရှား)နှင့် အစ္စလမ်( ဘင်္ဂလားဒေ့ရှ်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ယင်းပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲအဖြစ် လက်ဘနွန်နိုင်ငံသား ကရာကီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ပထမအကြိမ် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ဇွန်လနောက်ဆုံးပတ်က ထိုးသတ်ခဲ့ရာ ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို နောက်ဆုံးအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ရယူနိုင်ခဲ့ပြီး တစ်နှစ်ကျော်အတွင်း ဒုတိယအကြိမ်ချန်ပီယံကာကွယ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုအပြင် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုကိုပါ ရယူထားနိုင်ပြီး လက်ရှိတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲများသာ ထိုးသတ်ရသေးသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

---

**❋ ကျောဖုံးမှ**

အထက(၁)လမ်းမတော်(စိန့်ဂွန်း)နှင့် ဗိုလ်အောင်ကျော်လမ်းကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် လဆန်းပိုင်းတွင် စုပေါင်းရုံးအင်းလျားကန်(ယခု ဟိုတယ်အဖြစ်ပြုပြင်မွမ်းမံထား)နှင့် ဗဟိုအမျိုးသမီးဆေးရုံကို လည်းကောင်း အပြာရောင်ကမွည်းပြားများ တပ်ဆင်ရန် စီစဉ်ထားကြောင်း သိရသည်။

"ရန်ကုန်မြို့မှာ နေထိုင်သွားလာနေကြတဲ့သူတွေက ဒီအဆောက်အအုံတွေနားကနေ ဖြတ်သန်းလာနေကြတယ်။ ဒါပေမယ့် လူနည်းနည်းကသာ အဆောက်အအုံတွေရဲ့ သမိုင်းကြောင်းရာဇဝင်နဲ့ စိတ်ဝင်စားစရာအဖြစ်အပျက်တွေကို သိတယ်။ အဲဒါကြောင့် လူအများကို သိစေချင်တယ်။ အထူးသဖြင့် လူငယ်တွေကို ပိုသိစေချင်တယ်။ ထိန်းသိမ်းသင့်တယ်ဆိုတဲ့အမြင်လေး ရစေချင်တယ်။ အဆောက်အအုံအားလုံး ခြုံငုံကြည့်မယ်ဆိုရင် ရန်ကုန်မြို့ရဲ့ ပင်ကိုစရိုက်လက္ခဏာကိုလည်း ပြသနေသလို ကမ္ဘာလှည့်ခရီးသွားတွေကိုလည်း ဆွဲဆောင်နိုင်တဲ့အလားအလာတွေ အများကြီးရှိတယ်" ဟု ဦးသူရိန်အောင်က ပြောသည်။

အပြာရောင်ကမွည်းပြားတပ်ဆင်မည့် ကျားရုံမှာ ၁၉၁၅ ခုနှစ်တွင် အင်္ဂလန်ဘုရင်ကြီးအထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားကြောင်း၊ အထက(၁)ပုဇွန်တောင်အား ၁၉၁၈ ခုနှစ်တွင် ပရဟိတပိုင်း၌ စိတ်အားထက်သန်သည့် အိန္ဒိယမှ သူဌေးကြီးက ဆောက်လုပ်ခဲ့ကြောင်း၊ ဗြိတိသျှသံရုံးကို ၁၉၀၀ ပြည့်နှစ်တွင် စကော့တလန်လူမျိုးများပိုင် ကုန်သွယ်ရေးအဆောက်အအုံအဖြစ် ဆောက်လုပ်အသုံးပြုခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သံရုံးအဖြစ် အသုံးပြုခဲ့ကြောင်း။

အထက(၂)ဒဂုံ(မြို့မကျောင်း)မှာ ၁၉၂၀ ကျောင်းသားသပိတ်အပြီး ပေါ်ပေါက်လာသည့် အမျိုးသားကျောင်းများထဲမှ တစ်ခုဖြစ်ပြီး မြန်မာ့သမိုင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုသမိုင်းတွင် အလွန်အရေးပါသည့် ကျောင်းတစ်ကျောင်းဖြစ်ကြောင်း၊ စိန့်ဂွန်းကျောင်းမှာ ဆရာမှတ်ကြီးဟု လူသိများသည့် ဒေါက်တာမတ်စ်(သာသနာပြု)တည်ထောင်ခဲ့သည့်ကျောင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်**

---

## ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး ဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် မြို့နယ်များအား ကြီးကြပ်ဆောင်ရွက်လျက်ရှိရာတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ၃၃ ကေဗွီ စိန်ပန်းမြိုင်-ကမ္ဘာအေးဓာတ်အားလိုင်းမှ အရည်အသွေးနိမ့် နှစ်ထပ် Pin ကြွေသီများနေရာတွင် အရည်အသွေးမြင့် သုံးထပ်ကြွေသီးများဖြင့် လဲလှယ်ခြင်း၊ ငှက်နား၍ ဓာတ်အားပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်တတ်သော ဓာတ်တိုင်များတွင် ငှက်မနားကိရိယာများ တပ်ဆင်ခြင်း၊ ယိုင်နေသော ဓာတ်အားလိုင်းတိုင်များ တည့်မတ်ခြင်း၊ မြောက်ကမ္ဘာအေးခွဲရုံရှိ ပါဝါထရန်စဖော်မာများ ပြုပြင် ထိန်းသိမ်းခြင်းများကို အောက်တိုဘာ ၆ ရက်က ထရန်စဖော်မာပြုပြင်ရေးဌာန၊ ကောင်းကင်ဓာတ်အားလိုင်းဌာနနှင့် မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့မှ ဝန်ထမ်းများ ပူးပေါင်းအင်အားဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

---

## ထောက်ခံပွဲနှင့် ဆန္ဒဖော်ထုတ်ပွဲ မရမ်းကုန်းမြို့နယ်၌ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)က ကြီးမှူးဦးဆောင်၍ "တပ်မတော်ထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်လုပ်ဆောင်နေမှုများကို ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲ" ကို ယနေ့ မွန်းတည့် ၁၂ နာရီက မရမ်းကုန်းမြို့နယ် ၈ မိုင်လမ်းဆုံရှိ မြိုင်ဟေဝန်ပန်းခြံရှေ့၌ ပြုလုပ်ခဲ့သည်။



အဆိုပါဆန္ဒဖော်ထုတ်ပွဲသို့ မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပူးပေါင်းပါဝင်သော အင်အား ၂၅၀ က ဆိုင်းဘုတ်များကိုင်ဆောင်ကာ တစ်နာရီခန့် ငြိမ်သက်စွာရပ်တန့်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။ **သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

### ပွင့်ဖြူ

**အလားတူ** မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့တွင် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီမှစတင်၍ မွန်းလွဲ ၂ နာရီအထိ စလင်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပွင့်ဖြူမြို့နယ်အဖွဲ့ ပူးပေါင်းအင်အား ၂၀၀ ခန့်သည် ပွင့်ဖြူမြို့နယ် အဝေးပြေး ကားလမ်းဆုံအနီးတွင် တပ်မတော်ကိုထောက်ခံကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် သတ်မှတ်ပိုစတာဗီနိုင်းများ ကိုင်ဆောင်ပြီး အေးချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

---

**❋ မြန်မာ့လက်ရွေးစင်မှ**

ဆူဇူကီးဖလားပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ကစားသမားများအနက် လက်ကောက်ဝတ် အရိုးအက်ဒဏ်ရာရထားသည့် အောင်သူ အပါအဝင် ဘုန်းသစ္စာမင်း၊ သီဟထက်အောင်၊ ပြည့်ဖြိုးဇော်၊ အီစိုး၊ ဇင်မင်းထွန်းနှင့် ရဲရင့်အောင်တို့ကို ချန်လှပ်ခဲ့သည်။ ယင်းကစားသမားများသည် အောက်တိုဘာ ၁၁ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲပြီးပါက အောက်တိုဘာ ၁၃ ရက်တွင် ဘိုလီးဗီးယားအသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းမည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကာတာနိုင်ငံ၌ ခြေစမ်းပွဲသွားရောက်ကစားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးဘုန်းနိုင်ဇော်၊ နည်းပြချုပ် အန်တွမ်နီဟေး၊ လက်ထောက်နည်းပြ ဟာလက်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ကာစတန်၊ အတွင်းရေးမှူး ဦးမိုးဝေအောင်၊ ကစားသမားများအဖြစ် ဂိုးသမား ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ နောက်တန်း ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင်(ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း၊ မျိုးကိုထွန်း(ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော်(အား/ကာသိပ္ပံ)၊ အလယ်တန်း ရဲကိုဦး၊ လှိုင်းဘိုဘို၊ မြတ်ကောင်းခန့်၊ စည်သူအောင်(ရတနာပုံ)၊ မောင်မောင်စိုး(မကွေး)၊ မောင်မောင်လွင်(ရန်ကုန်)၊ ရန်နိုင်ဦး(ရှမ်းယူနိုက်တက်)၊ လွင်မိုးအောင်(အား/ကာသိပ္ပံ)၊ ရှေ့တန်း ကောင်းဆက်နိုင်(ဆာမတ်ဆာခွန်)၊ သန်းထက်အောင်(ဇွဲကပင်)နှင့် ထက်ဖြိုးဝေ(ရှမ်းယူနိုက်တက်)တို့ ပါဝင်ကြသည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲယှဉ်ပြိုင်ရန် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၈/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်ရှိ လမ်းများတွင် မူးယစ်ဆေးဝါးများ လာရောက်ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၈ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ သုမင်္ဂလာလမ်းနှင့်(၂၇)လမ်းထိပ်အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် ရာဇာထွန်း(ခ)ရာဇာ(၁၉)နှစ်၊ (ဘ)ဦးဇော်ထွန်း၊ (၄)လွှာ၊ ကောလိယ (၁၉)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူအားWY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ) ၄၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ(၁)၊ တိုက်(B)၊(၆)လွှာ အခန်း (B/705)နေ ဒေါ်စိုးမိုးနှင်း (ခ)ရှို့(စ်)သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၀-၂၀၁၈ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ တိုက်(B)၊ (၆)လွှာ၊ အခန်း(B/705) နေ ဒေါ်စိုးမိုးနှင်း(ခ) ရှို့(စ်)(၄၀)နှစ်၊ (ဘ) ဦးခင်မောင်အေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ စွမ်းရည်ထက်(ခ) ဝေလျှံ(၂၀)နှစ်၊ (ဘ) ဦးတင်မြင့်တို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ICE၊ ဆေးခြောက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဘုရင့်နောင်)မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဒေါ်ဝင်းစိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဒေါ်ဝင်းစိန်(၅၆)နှစ်၊ (ဘ)ဦးထွန်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သိန်းဟန်စိုး(၃၀)နှစ်၊ (ဘ)ဦးလှမောင်တို့(၂)ဦးအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ (ပ)၈၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ မန်တဲအုပ်စု၊ အင်းဝိုင်းနဘဲခုံကျေးရွာနေ ကျော်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ အင်းဝိုင်းနဘဲခုံကျေးရွာနေ ကျော်မောင်(၃၂)နှစ်၊ (ဘ)ဦးထွန်းကြိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ (ပ)၈၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ထောက်ကြံ့ကျေးရွာနေ ဦးစံငွေသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ထောက်ကြံ့ကျေးရွာနေ စံငွေ(ခ)ချမ်းသာ(၃၁)နှစ်၊ (ဘ) ဦးလွန်းပြည့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တင်းတိမ်ရဲ) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ စွတ်နန်းကျေးရွာမှ ကျော်ဆန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၈ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ စွတ်နန်းကျေးရွာနေ ကျော်ဆန်း(၄၇)နှစ်၊ (ဘ)ဦးငွေသော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၂၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ လှထွန်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၉-၂၀၁၈ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ လှထွန်း(၄၈)နှစ်၊ (ဘ)ဦးတင်ဦး၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ထွန်းကြိုင်(၂၈)နှစ်၊ (ဘ)ဦးကျော်ဝင်း၊ အုတ်ဖိုကျင်းကျေးရွာ၊ မော်လိုက်မြို့နယ် နေသူတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်)မယ(ပ)၂၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ (၅)လမ်းနေ နေလင်းအောင် (ဘ) ဦးညဏ်ထွန်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ (၅) လမ်းနေ နေလင်းအောင်(၃၆)နှစ်၊ (ဘ)ဦးညဏ်ထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရေဦး) မယ(ပ) ၁၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ် (2A/928)နေ ဂီတာ(ခ) ဦးအောင်ဆန်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၉-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ်(2A/928)နေ ဂီတာ(ခ)အောင်ဆန်းဦး (၄၅)နှစ်၊ (ဘ)ဦးမျိုးသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်)မယ(ပ)၁၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်နေ မောင်ထိုက်(ဘ) ဦးနက်စိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၉-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ (၁၁) လမ်းနေ ထွန်းမင်းထိုက်(ခ) မောင်ထိုက်(၃၅)နှစ်၊ (ဘ) ဦးနက်စိန် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရေဦး) မယ(ပ) ၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေမီးပွိုင့်၊ ရွှေဗဟိုရ်ဆေးရုံရှေ့၊ တက္ကစီယာဉ်အမှတ် - DD/3150 အား မောင်းနှင်သည့် မျိုးလွင်ဦး(ခ) လပြည့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က) ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ ရွှေဗဟိုရ်ဆေးရုံရှေ့တွင် ရပ်တန့်ထားသည့် DD/3150 နံပါတ်ပါ Success တက္ကစီယာဉ်အား ရှာဖွေစစ်ဆေးရာ မျိုးလွင်ဦး(ခ)လပြည့်(၃၅)နှစ်၊ (ဘ)ဦးမြင့်လွင်၊ အမှတ်(၂၉၆/ခ)၊ အောင်သိဒ္ဓိလမ်း၊ (၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေသူအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တာမွေ) မယ(ပ)၄၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုင်းပုတ်ကျေးရွာအုပ်စု၊ တုံပင်ကျေးရွာမှ မပိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မိုင်းပုတ်ကျေးရွာအုပ်စု၊ တုံပင်ကျေးရွာနေ မပိုး(ခ) မပိုးပိုးလွင် (၃၄)နှစ်၊ (ဘ) ဦးညဏ်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ) ၆၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရွှေဝါထွန်း (၇) လမ်းနေ ကိုတူးနောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ရွှေဝါထွန်း(၇)လမ်း၊ အိမ်အမှတ် (၄၁၅/ခ)နေ ကိုတူးနောင်(ခ) နိုင်လင်းထွန်း(ခ) ပူတူးနောင် (၂၀)နှစ်၊ (ဘ) ဦးချိုဌေးဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရဲထွဋ်ဝင်း(၂၉)နှစ်၊ (ဘ) ဦးအုန်းရွှေပါ (၂)ဦးတို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့သုံးဦးအား နမစ(သောင်ကြီး)မယ(ပ) ၆၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ထောင်ဝင်းအတွင်းနေ မျိုးမင်းနိုင်(ခ)ဝကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၀-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ အင်းစိန်ထောင်ဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းနေ မျိုးမင်းနိုင်(ခ) ဝကြီး (၄၅)နှစ်၊(ဘ) ဦးမြင့်ဆွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မခင်ရတနာလင်း (ခ)ပပ (၃၈)နှစ်၊ (ဘ) ဦးခင်စိုးတို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ(ပ) ၁၂၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ဖော်ထုတ် ဆက်လက်စစ်ဆေးလျက်ရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၆-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၃၁၆ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား ၄၁၇ ဦး၊ မ ၈၂ ဦး၊ ပေါင်း ၄၉၉ ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ ၄၈၃၃ ဒသမ ၈၆ ဂရမ်၊ ICE ၁၇ ဒသမ ၀၁ ဂရမ်၊ ဘိန်း ၃၇၅၆၉ ဒသမ ၀၁ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၃၂၉ ဂရမ်၊ ဘိန်းစာမှုန့် ၅၈၀၂ ဂရမ်၊ ဘိန်းစာရွက် ၃၉၇၃ ဒသမ ၉၉ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၆၈၂ ပြား၊ ဆေးခြောက် ၃၃၇၃ ဒသမ ၀၄ ဂရမ်၊ ဘိန်းရည်သုည ဒသမ ၁ လီတာ၊ ဘိန်းဆီခဲ ၂၁၇ ဒသမ ၄ ဂရမ်၊ ဘိန်းစေ့ ၆၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁ ဒသမ ၆၅ ဂရမ်၊ သေနတ်မျိုးစုံ ၁၀ လက်၊ ကျည်မျိုးစုံ ၁၇၉ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း၌ လှိုင်းဘွဲ့-ပိုင်ကျုံကားလမ်းပေါ်တွင် တရားခံ အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၅၀၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်အတွင်း၌ ကွတ်ခိုင်မြို့မှ မိုးကုတ်မြို့သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်းသတင်းအရ လယ်ကြီးရဲကင်းစခန်းရှေ့၌ ပူးပေါင်းအဖွဲ့ဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးစဉ် စစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးသည့် ဆိုင်ကယ် ငါးစီးအား လိုက်လံဖမ်းဆီးခဲ့ရာ တရားခံ အမျိုးသားတစ်ဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ ပြား၊ ဘိန်းဖြူ ၄၈၈၄ ဂရမ်၊ ဆိုင်ကယ် ငါးစီး၊ မိုးကုတ်-မိုးမိတ်သွား ကားလမ်းပေါ်၌ တားဆီးစိစစ်စဉ် ဆိုင်ကယ်ကိုလဲ့ကာ တရားခံ ထွက်ပြေးလွတ်မြောက်သွားပြီး ကျန်ရှိခဲ့သည့် ဆိုင်ကယ် ၁ စီးပေါ်မှ ဘိန်းဖြူ ၁၃၀ ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ ၁၆ မိုင်-ကျောက်ချောပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားခံ အမျိုးသမီးတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ပြား၊ ဘိန်းဖြူ ၂၄၀ ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်တောင်ရပ်ကွက်၊ မန္တလေးကန်တော်ကြီးပတ်လမ်း၌ သတင်းအရစိစစ်စဉ် တရားခံ အမျိုးသားသုံးဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀၀၊ PROBOX ယာဉ်တစ်စီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၌ တရားခံ အမျိုးသားတစ်ဦးထံမှ DIAZEPAM ထိုးဆေး ၃၃၅ ပုလင်း၊ LORAZEPAM ဆေးပြား၃၉၀၊

**စာမျက်နှာ ၁၁ သို့**

❐ စာမျက်နှာ ၁၀ မှ

Tramadol ဆေးတောင့် ၂၇၀၅ တောင့်၊ Sedil ဆေးပြား ၈၀၀၊ ရဲမွန်တောင်ရပ်ကွက်ရှိ KTV ၌ တရားခံအမျိုးသားငါးဦးနှင့် တရားခံအမျိုးသမီးတစ်ဦး၊ ပေါင်း ခြောက်ဦးတို့ထံမှ Ketamine ၁ ဒသမ ၇ ဂရမ်၊ ဆေးခြောက်သုည ဒသမ ၅ ဂရမ်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်အတွင်း၌ မြရွှေရည်ရေပူစမ်းသွား ကားလမ်းပေါ်တွင် ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီးကို ဘိန်းစိမ်း ၈၄၀၀ ဂရမ်နှင့် သိမ်းဆည်းရမိခဲ့ပြီး ကွတ်ခိုင်မြို့နယ်အတွင်း၌ ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းပေါ်တွင် တရားခံအမျိုးသားတစ်ဦးထံမှ ဘိန်းဖြူ ၁၂၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၊ တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသား တစ်ဦးထံမှ Ketamine ဂရမ် ၆၅၀ အား လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၃)မိုင်-ကျီးကန်းပြင်သွား လမ်းပေါ်၌ တားဆီးစိစစ်စဉ် တရားခံ ထွက်ပြေးလွတ်မြောက်သွားပြီး ကျန်ရှိခဲ့သည့် ဆိုင်ကယ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၇၅၀၊ သံတွဲမြို့နယ် မြို့ပြင်ကျေးရွာ သံတွဲ-တောင်ကုတ်ကားလမ်းပေါ်၌ တရားခံ အမျိုးသားတစ်ဦးထံမှ ဆေးခြောက် ၁၆၃ ဒသမ ၃ ဂရမ်အား လည်းကောင်း၊ လက်နက်/ခဲယမ်းနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ် (၄)ခုရှိခဲ့ပြီး ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ(ဇီဇဝါမြိုင်ရပ်ကွက်)နေ တရားခံ အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြား၊ ၇ ဒသမ ၆၂×၃၉ ကျည် ၂၀ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ထိန်သစ်ရပ်ကွက်နေ တရားခံ အမျိုးသား တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၊ တူမီးသေနတ် တစ်လက်၊ ပွိုင့် ၂၂ ကျည် ၄၇ တောင့်၊ Hijet ယာဉ်တစ်စီး၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ဧဒင်ကျေးရွာ၌ တရားခံ အမျိုးသား နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ ပွိုင့် ၄၅ ကျည် ၄၅ တောင့်၊ Revo Toyota Hilux ယာဉ်တစ်စီး၊ မယ်ယန်း-ကော့မကိန်ရွာလမ်းမပေါ်၌ တရားခံအမျိုးသား တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၊ ဂက်စ်ဖြင့် ပစ်ခတ်ရသော သေနတ်အတိုတစ်လက်၊ ၎င်းကျည် ခြောက်တောင့်တို့အားလည်းကောင်း၊ နိုင်ငံခြားသားများပါဝင်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရခိုင်ပြည်နယ် မောင်တောမြို့နယ် နှစ်နိုင်ငံနယ်စပ် နတ်မြစ်အတွင်း မြန်မာဘက်ခြမ်း ဦးစောလှကျွန်း မြောက်ဘက်အနီး လှေတစ်စင်းအား စိစစ်ရန် လုံခြုံရေးအဖွဲ့က ရေယာဉ်နှစ်စင်းဖြင့် ဝိုင်းပတ်ပိတ်ဆို့ဖမ်းဆီးစဉ် မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ အမျိုးသားတစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၃၀-၉-၂၀၁၈ ရက်နေ့မှ ၆-၁၀-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း ၂၇၈ မှုတွင် တရားခံကျား ၃၆၁ ဦး၊ မ ၄၈ ဦး ပေါင်း ၄၀၉ ဦးကို ဘိန်းဖြူ ၅၇၄၆ ဒသမ ၆၂ ဂရမ်၊ ICE ၉ ဒသမ ၃၉ ဂရမ်၊ ဘိန်း ၁၁၁၆၉ ဒသမ ၇၃ ဂရမ်၊ ဘိန်းစာမှုန့် ၃၃ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၉၀ ဂရမ်၊ ဘိန်းစာရွက် ၄၂၀၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၁၀၃၃ ပြား၊ ဆေးခြောက် ၂၁၄ ဒသမ ၉၆ ဂရမ်၊ ဘိန်းဆီခဲ ၈၉ ဂရမ်၊ Diazepam ထိုးဆေး ၃၃၅ ပုလင်း၊ Lorazepam ဆေးပြား ၃၉၀၊ Tramadol ဆေးတောင့် ၂၇၀၅ တောင့်၊ Ketamine ၆၅၁ ဒသမ ၇ ဂရမ်၊ Sedil ဆေးပြား ၈၀၀၊ သေနတ်မျိုးစုံ နှစ်လက်၊ ကျည်မျိုးစုံ ၁၁၈ တောင့်နှင့် လက်ပစ်ဗုံး တစ်လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

**အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့**

**“REDUCING ECONOMIC LOSSES FROM DISASTERS HAS THE POWER TO TRANSFORM LIVES”**

**“ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ဘေးဒဏ်ကြောင့်စီးပွားဆုံးရှုံးမှုလျော့ချစို့”**

**၂၀၁၈ခုနှစ်အောက်တိုဘာလ၁၃ရက်**

# ဘိုကလေးမြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**ဘိုကလေး အောက်တိုဘာ ၈**

မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်လျက် ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့နယ်ခန်းမ၌ အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မျိုးဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သူရတို့က မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးရာ တက်ရောက်လာကြသူများက ဘိုကလေးမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေး၊ ကျန်းမာရေး၊ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ပွင့်လင်းမြင်သာမှုရှိစေရေး စသည့် အချက်များအပေါ် စိန်ခေါ်မှုများနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကို အကြံပြုမေးမြန်းဆွေးနွေးခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

# ‘အဝေးချစ်’ ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၁၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၈**

ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးထားသည့် ‘အဝေးချစ်’ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၁၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



ဒါရိုက်တာကိုဇော် (အရုဏ်ဦး)



သက်မွန်မြင့်



စာရေးဆရာမ ပုညခင်

ဒါရိုက်တာကိုဇော် (အရုဏ်ဦး)က “ဇာတ်နဲ့ အံဝင်ခွင်ကျဖြစ်မယ့် မင်းသား၊ မင်းသမီးတွေကို ထုတ်လုပ်သူနဲ့ တိုင်ပင်ပြီး ရွေးချယ်ခဲ့တာပါ။ ဒီဇာတ်ကားကို ပုပ္ပားနဲ့ ရန်ကုန်မှာ အဓိကရိုက်ကူးထားတယ်။ ကျွန်တော် အရင်ရိုက်နေကျပုံစံ ဟာသကားတော့ မဟုတ်ပါဘူး။ ပုံစံတစ်မျိုးနဲ့ ပရိသတ် ကြိုက်နှစ်သက်အောင် တင်ပြထားတယ်။ အိမ်ထောင်တစ်ခု တည်ထောင်မယ်ဆိုရင် ဖြစ်တတ်တဲ့ သဘောတရားလေးတွေကို တင်ပြထားတဲ့ အချစ်ဇာတ်ကားပါ”ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် အောင်ရဲလင်း၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ထွန်းကိုကို၊ သန္တာဗိုလ်၊ နေဆန်း၊ ရဲမွန်၊ သက်ဦးကို၊ ဟိန်းဇေ၊ ကံ့ကော်ခင်၊ ဆုထက်ကုဋေ၊ သာသာ၊ ချစ်လူလူ၊ ချမ်းသာ၊ စင်သီယာ၊ မျိုးမျိုးခိုင်၊ ဦးဘဂျမ်း၊ နွယ်နီ၊ သူဇာပွင့်နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး အသိုင်းအဝိုင်း မတူသည့်အပြင် အသက်အရွယ်ကွာဟမှုရှိသည့် ချစ်သူနှစ်ဦး၏ ချစ်ခြင်းမေတ္တာ၊ နားလည်မှုနှင့် အလွဲအချော်လေးများကို အခြေခံပြီး ရိုက်ကူးထားသည့် အချစ်ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင်သက်မွန်မြင့်က “အသက် ၃၀ ကျော် အပျိုကြီးစာရင်းဝင်သွားတဲ့သူ တစ်ယောက်အနေနဲ့ ကိုယ့်ထက် အသက်ရှစ်နှစ်လောက်ငယ်တဲ့သူနဲ့ အချစ်ဇာတ်လမ်းဖြစ်သွားတယ်။ အတွေးအခေါ်ကတော့ မရင့်ကျက်သေးဘူး။ ကိုယ့်စိတ်ဆန္ဒတစ်ခုပဲ သိတယ်ဆိုတဲ့ ဇာတ်ကောင်စရိုက်မျိုးနဲ့ ပါဝင်ထားတာပါ။ ဒီဇာတ်ကားရိုက်ထားတာ သုံးနှစ်လောက်ရှိပြီ။ ဒီကားမှာပါတဲ့ ဇာတ်ကောင်စရိုက်က သက်မွန်ပုံစံနဲ့ လိုက်တယ်လို့ ထင်တယ်။ အချစ်ကား သီးသန့်မဟုတ်ဘဲ အတွေးအခေါ်လေးတွေလည်းပါတဲ့အတွက် ဒီကားလေးကို သဘောကျတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘဝအတွက် လက်တွဲတဲ့အခါမှာ အချစ်တစ်ခုတည်းနဲ့ မလုံလောက်ဘူး။ နားလည်မှုပေးရမယ် ဆိုတာမျိုးလေးတွေပါတယ်” ဟု ပြောသည်။

စာရေးဆရာမ ပုညခင်က “၂၀၁၅ နောက်ပိုင်းမှာတော့ ဒီလို ဝတ္ထုမျိုးတွေ မရေးဖြစ်တော့ဘူး။ ၂၀၁၅ မတိုင်ခင်က ရေးထားတဲ့ ဝတ္ထုလေးပါ။ ပေါ့ပေါ့ပါးပါး ရိုးရိုးရှင်းရှင်းနဲ့ ချစ်စရာကောင်းတဲ့ ဇာတ်လမ်းမျိုးပါ။ ကျွန်မနဲ့ကျွန်မ အိမ်ထောင်ဖက်ရဲ့ ချစ်သူဘဝက အကြောင်းတရားလေးတွေ၊ လက်ထပ်ခဲ့တဲ့ အကြောင်းတရားလေးတွေကို အခြေခံပြီး ရေးထားတာပါ။ ခရီးသွားတာလည်း ဝါသနာပါတဲ့အတွက် ကိုယ့်ရဲ့အတွေ့အကြုံလေးတွေအရ ရေးထားတာပါ။ အသက်ကွာဟမှုကြားထဲမှာ ဖြစ်တတ်တဲ့ သဘာဝလေးတွေ၊ စိတ်နေစိတ်ထားလေးတွေ အဲဒါလေးတွေကတော့ ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက်ရဲ့ အကြောင်းအရာလေးတွေကို အခြေခံပါတယ်”ဟု ပြောသည်။

အဆိုပါဇာတ်ကားသည် လူငယ်သဘာဝဖြစ်တတ်သည့် အကြောင်းအရာများ၊ ချစ်သူချင်း တွေ့ကြုံလေ့ရှိသည့် ချစ်ခြင်းတရားများနှင့် အလွဲအချော်များကို သဘာဝကျကျ ဖော်ကျူးထားသည့်အတွက် ပရိသတ်များအနေဖြင့် စိတ်ချမ်းသာမှု၊ ကြည်နူးမှုတို့နှင့်အတူ လူ့ဘဝ၏ အဖြစ်အပျက်များနှင့် ခံယူချက်များကို သိရှိပြီး လေးနက်မှုတစ်စုံတစ်ရာကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း စာရေးဆရာမ ပုညခင်က ဆိုသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# မိုးကြိုးစက်ကွင်းထိမှန်မှုကြောင့် သေဆုံးသူနှင့်ဒဏ်ရာရသူအား ထောက်ပံ့ငွေပေးအပ်

**တပ်ကုန်း အောက်တိုဘာ ၈**

တပ်ကုန်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာအုပ်စု ကွဲလည်ပင်းကျေးရွာတွင် အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့သော မိုးကြိုးစက်ကွင်းထိမှန်မှုကြောင့် သေဆုံးသူ မဇင်မာဝင်းအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်း၊ ဒဏ်ရာရရှိသော ၎င်း၏ခင်ပွန်းအတွက် ဆေးရုံတက်ကုသစရိတ် ထောက်ပံ့ငွေကျပ် ငါးသောင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် သုံးသိန်းခွဲကို နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇာနည်လွင်နှင့် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးစနေထွန်းတို့က အောက်တိုဘာ ၈ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါကျေးရွာသို့ သွားရောက်၍ မိသားစုဝင်များနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ကိုနေလင်းထံသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ရေဆင်းကျေးရွာတွင် မှုခင်းအသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာဓမ္မာရုံတွင် ယနေ့နံနက်ပိုင်းက ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ယာယီရဲမှူးဝင်းဇော်ဦးသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းအသိပညာပေးဆိုင်ရာ ဟောပြောပွဲပြုလုပ်ရာ ရေဆင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**

# အင်တာပိုလ်အကြီးအကဲအား လာဘ်ယူမှုဖြင့် စုံစမ်းစစ်ဆေးနေဟု တရုတ်အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ပြောကြား

ပေကျင်း အောက်တိုဘာ ၈

**နိုင်ငံတကာ ရဲတပ်ဖွဲ့(အင်တာပိုလ်)အကြီးအကဲ မန်ဟောင်ဝေသည် လာဘ်ယူခဲ့သည်ဟု စွပ်စွဲခံထားရကြောင်း၊ ၎င်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် နောက်ဆုံးအရေးယူခံရသော အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်လာကြောင်း အေအက်ဖ်ပီသတင်းဌာနက အောက်တိုဘာ ၈ရက်တွင် သတင်းထုတ်ပြန်သည်။**



အင်တာပိုလ်အကြီးအကဲ မန်ဟောင်ဝေ

အင်တာပိုလ်အကြီးအကဲ မန်ဟောင်ဝေသည် လွန်ခဲ့သည့် လမှစ၍ ပျောက်ဆုံးနေခဲ့ပြီး နိုင်ငံတကာ အသိုက်အဝန်းအတွင်း ၎င်း၏ ကံကြမ္မာနှင့် ပတ်သက်၍ ပဟေဠိသဖွယ်ဖြစ်နေခဲ့သည်မှာ ရက်ပေါင်းအတန်ကြာမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။

တရုတ်ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးလည်းဖြစ်သူ မန်ဟောင်ဝေသည် လာဘ်ယူမှုပြုလုပ်ခဲ့သည်ဟု အဆိုပါ ဝန်ကြီးဌာနက အတည်ပြုပြောကြားသော်လည်း ၎င်းနှင့်ပတ်သက်သည့် စွပ်စွဲမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မည်သည့်နေရာသို့ ၎င်းရောက်ရှိနေခြင်းနှင့် ပတ်သက်၍လည်းကောင်း အသေးစိတ်ထုတ်ပြန်ခြင်းမရှိပေ။

ပြင်သစ်နိုင်ငံ လီယွန်မြို့အခြေစိုက်အင်တာပိုလ်၏အကြီးအကဲဖြစ်သူ မန်ဟောင်ဝေသည် တရုတ်နိုင်ငံသို့ ပြန်သွားခဲ့ပြီးနောက် ပျောက်ဆုံးလျက်ရှိသည်ဟု ပြင်သစ် တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ဖွင့်ဟခဲ့သည်။ ထိုစဉ်အတွင်း မန်ဟောင်ဝေ၏ ဇနီးကလည်း သူ့ခင်ပွန်း၏ အသက်ဘေးအန္တရာယ်လုံခြုံမှုအတွက် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ဟောင်ဝေသည် အဂတိလိုက်စားမှုဖြင့် စွပ်စွဲခံရခြင်းကြောင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် တရုတ်နိုင်ငံသားများ ခေါင်းဆောင်မှုအခန်းကဏ္ဍကို ရယူနိုင်ရေး တရုတ်အစိုးရ၏ ကြိုးပမ်းချက်များမှာ မှေးမှိန်စေနိုင်ကြောင်း၊ အင်တာပိုလ်အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေနိုင်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

အင်တာပိုလ်သည် ယခုအခါ မန်ဟောင်ဝေ၏ နေရာတွင် တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးနှင့် အစားထိုးလိုက်ပြီဖြစ်သည်။ အင်တာပိုလ် ဥက္ကဋ္ဌရာထူးနေရာအတွက် နိုဝင်ဘာလတွင် ရွေးကောက်ပွဲသစ် ပြုလုပ်နိုင်ချိန်အထိ အဆိုပါ တောင်ကိုရီးယား တာဝန်ရှိသူက တာဝန်ယူဆောင်ရွက်မည် ဆို၏။

မန်ဟောင်ဝေအား စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု တရုတ်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြောကြားသော်လည်း အသေးစိတ် မသိရှိရပေ။

မန်ဟောင်ဝေသည် လာဘ်ယူခဲ့ကြောင်း၊ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသော တရုတ်သမ္မတ ရှီ၏ မူဝါဒနှင့် အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက အောက်တိုဘာ ၈ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန် အရှေ့ပိုင်းရှိ ပါကစ္စတန်ကောင်စစ်ဝန်ရုံးကို ပြန်လည်ဖွင့်လှစ်

အစ္စလာမ္မာဘတ် အောက်တိုဘာ ၈

**အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ ပိတ်ထားခဲ့ရသည့် ပါကစ္စတန်ကောင်စစ်ဝန်ရုံးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ သံတမန်ရေးရာ ကိစ္စရပ်များတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများက ဝင်ရောက်စွက်ဖက်မှုများကြောင့် ကောင်စစ်ဝန်ရုံးကို ခေတ္တပိတ်ခဲ့ရခြင်းဖြစ်သည်ဟု ပါကစ္စတန်က ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ပါကစ္စတန်၏စွပ်စွဲချက်ကို အာဖဂန်တာဝန်ရှိသူများက ငြင်းဆိုခဲ့ပြီး ၎င်းတို့အနေဖြင့် ကောင်စစ်ဝန်ရုံးပြင်ပတွင် ဗီဇာလျှောက်ထားရန် စုဝေးစောင့်ဆိုင်းနေသည့် ထောင်နှင့်ချီသော လူစုလူဝေး လုံခြုံရေးအတွက် လုပ်ဆောင်ခဲ့ရခြင်းသာဖြစ်သည်ဟု ပြောကြားသည်။



၁၉၆၃ ခုနှစ် ကောင်စစ်ဝန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာ သဘောတူညီချက်ပါ ဝတ္တရားများနှင့်အညီ အာဖဂန်နစ္စတန်အစိုးရက ဆောင်ရွက်နေပြီး လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များနှင့် အခြားသော လိုအပ်ချက်အားလုံးအတွက် ဖြည့်ဆည်းပေးရန် အာဖဂန်အစိုးရထံမှ အာမခံချက်များရခဲ့ပြီးနောက် ကောင်စစ်ဝန်ရုံးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီး ဗီဇာထုတ်ပေးရေးလုပ်ငန်းကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ဖိုင်ဆယ်က ပြောကြားသည်။

ပါကစ္စတန်ကောင်စစ်ဝန်ချုပ်ရုံးက စီရင်ပိုင်ခွင့်ရှိသည့် ဂျလာလာဘတ်နှင့် ပတ်ဝန်းကျင်ဒေသများမှ ဗီဇာလျှောက်ထားသူများ အားလုံးသည် အောက်တိုဘာ ၈ ရက်မှစတင်၍ ဗီဇာလျှောက်ထားနိုင်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့သည် ဂျလာလာဘတ်မြို့၌ ပါကစ္စတန်ကောင်စစ်ဝန်ရုံးပြန်လည်ဖွင့်လှစ်ရေးအတွက် သဘောတူညီခဲ့ကြကြောင်း အစ္စလာမ္မာဘတ်မြို့ရှိ အာဖဂန်နစ္စတန်သံရုံး ဒုတိယသံအမတ်ကြီး ဇာဒါရှက် ရှာမက်စ်က ဆင်ဟွာသတင်းဌာနသို့ အတည်ပြုပြောကြားသည်။ **ဆင်ဟွာ**

# အနောက်ဘက်ကမ်းဒေသ၌ သေနတ်ပစ်ခတ်မှုကြောင့် အစ္စရေးနှစ်ဦးသေဆုံး၊တစ်ဦးဒဏ်ရာရ

**ဂျေရုဆလင် အောက်တိုဘာ ၈**

အနောက်ဘက်ကမ်းဒေသတွင် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက သေနတ်ပစ်ခတ်မှုအတွင်း အစ္စရေးနိုင်ငံသားနှစ်ဦး သေဆုံးခဲ့ရကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားသည်။

တတိယမြောက် အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာအတန်အသင့် ရရှိခဲ့ကြောင်း အစ္စရေးအရေးပေါ် ဆေးဘက်ဆိုင်ရာလုပ်ငန်းက ပြောကြားသည်။

အစ္စရေးအသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသ၏မြောက်ပိုင်းရှိ ဘာကန်စက်မှုဇုန်တွင် အဆိုပါပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းနေရာတွင် အစ္စရေးများနှင့်ပါလက်စတိုင်းသားတို့အတူတကွ အလုပ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ပစ်ခတ်မှုကျူးလွန်ခဲ့သည်ဟု သံသယရှိသူမှာ အနောက်ဘက်ကမ်းဒေသ တူလ်ကာရန်မြို့ဒေသမှ အသက် ၂၃ နှစ်အရွယ် ပါလက်စတိုင်းအမျိုးသားတစ်ဦးဖြစ်ကြောင်း ရှင်းဘက်လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

၎င်းသည် စက်မှုဇုန်အတွင်းရှိ စက်ရုံတစ်ရုံ၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်လာကာ ပစ်ခတ်မှုပြုလုပ်ခဲ့ပြီးနောက် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

သေနတ်ဖြင့် ပစ်ခတ်သူ ပါလက်စတိုင်းလူငယ်သည် အဆိုပါစက်ရုံမှ အလုပ်သမားဟောင်းတစ်ဦးဖြစ်ပြီး မကြာသေးမီက အလုပ်မှ ထုတ်ပယ်ခံခဲ့ရကြောင်း အစ္စရေးသတင်းမီဒီယာက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုမှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီး အပြစ်မဲ့ အစ္စရေးနိုင်ငံသားနှစ်ဦး သတ်ဖြတ်ခံရပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အစ္စရေးအစိုးရအဖွဲ့အပတ်စဉ် အစည်းအဝေး၌ ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းများနှင့် အစ္စရေးတပ်ဖွဲ့များအကြား တင်းမာမှုများမြင့်တက်နေစဉ်တွင် ယင်းပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်ကတည်းက အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းကို ပါလက်စတိုင်းတို့က နေ့စဉ်ပင် ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်နေသည်။ **ဆင်ဟွာ**

# အမေရိကန်ဘောဂဗေဒပညာရှင်နှစ်ဦး စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၈**

၂၀၁၈ ခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်ဘောဂဗေဒပညာရှင်နှစ်ဦးတို့ဖြစ်ကြသော ဝီလီယံနောဟက်စ်နှင့် ပေါလ်ရိုးမားတို့က ပူးတွဲရရှိကြကြောင်း၊ ၎င်းတို့သည် ရာသီဥတုပြောင်းလဲမှု၊ နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးပုံစံများ ဆက်နွယ်နေပုံကို ဖော်ထုတ်နိုင်ရန် သုတေသနပြု လေ့လာခဲ့ကြသူများဖြစ်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နောဟက်စ်သည် ယေးလ်တက္ကသိုလ်၏ ဘောဂဗေဒ ပါမောက္ခအဖြစ် ကာလကြာရှည်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ရိုးမားမှာမူ ကမ္ဘာ့ဘဏ် ဒုတိယ ဥက္ကဋ္ဌဟောင်းဖြစ်ကာ ယခုအခါ နယူးယောက်တက္ကသိုလ်တွင် ဘောဂဗေဒ ပါမောက္ခအဖြစ် တာဝန်ယူထားသည်။

ဆွီဒင်သိပ္ပံပညာရပ်များ အကယ်ဒမီက ချီးမြှင့်ပေးမည့် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုအတွက် ရွေးချယ်ခံကြသူများမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခန့်မှန်းချက်များကို ဘောဂဗေဒအမြင်ဖြင့် သရုပ်ခွဲဆန်းစစ်ခြင်း၊ ကာလရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများ လိုအပ်ပုံတို့နှင့်ပတ်သက်၍ သုတေသနပြုလေ့လာခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ဗလင်စီယာအသင်းနှင့် သရေကျခဲ့ခြင်းကြောင့် ဘာစီလိုနာ အဆင့် ၂ နေရာတွင် ရပ်တည်ခဲ့

ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် ၈ တွင် ဗလင်စီယာအသင်းနှင့် သရေကျခဲ့ခြင်းကြောင့် လက်ရှိတွင် အဆင့် ၁ နေရာမှ အဆင့် ၂ နေရာသို့ ဆင်းပေးခဲ့ရကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ဗလင်စီယာအသင်းနှင့် သရေပွဲဖြစ်ခဲ့ခြင်းကြောင့် လာလီဂါတွင် လေးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးမှုဖြင့် ကြုံခဲ့ရခြင်းဖြစ်သည်။

ယင်းသို့ ဘာစီလိုနာအသင်း လေးပွဲဆက်နိုင်ပွဲပျောက်ခဲ့သော်လည်း တိုက်စစ်မှူးမက်ဆီမှာ ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ်အတွင်း သွင်းဂိုး ၄၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်စိုက်ထူနိုင်ခဲ့ပြီး ဘောလုံးရာသီ ၁၀ ရာသီဆက်တိုက် သွင်းဂိုး ၄၀ နှင့် အထက်သွင်းယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်လာခဲ့သည်။

တိုက်စစ်မှူးမက်ဆီသည် ၂၀၀၉ ခုနှစ်က ၄၁ ဂိုး၊ ၂၀၁၀ ခုနှစ်က ဂိုး ၆၀၊ ၂၀၁၁ ခုနှစ်က ၅၉ ဂိုး၊ ၂၀၁၂ ခုနှစ်က ၉၁ ဂိုး၊ ၂၀၁၃ ခုနှစ်က ၄၅ ဂိုး၊ ၂၀၁၄ ခုနှစ်က ၅၈ ဂိုး၊ ၂၀၁၅ ခုနှစ်က ၅၂ ဂိုး၊ ၂၀၁၆ ခုနှစ်က ၅၉ ဂိုး၊ ၂၀၁၇ ခုနှစ်က ၅၄ ဂိုးနှင့် ၂၀၁၈ ခုနှစ်တွင် လက်ရှိအချိန်အထိ ၄၁ ဂိုးသွင်းယူထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်







# လူငယ်တိုက်စစ်မှူး အမ်ဘာတ်ပီ လေးဂိုးသွင်းယူနိုင်ခဲ့ပြီး ပီအက်စ်ဂျီအသင်းက လိုင်ယွန်အသင်းကို ငါးဂိုးပြတ်နိုင်ပွဲရရှိခဲ့

ပြင်သစ်ပထမတန်းပွဲစဉ် ၉ အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် လိုင်ယွန်အသင်းတို့၏ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက လိုင်ယွန်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ပထမပိုင်းပွဲကစားချိန် ၉ မိနစ်တွင် တိုက်စစ်မှူးနေမာ၏ ပင်နယ်တီသွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် တိုက်စစ်၊ ကွင်းလယ်၊ နောက်တန်း အချိတ်အဆက်မိမိကစားနိုင်ခဲ့ခြင်းကြောင့် ဒုတိယပိုင်းပွဲကစားချိန်အတွင်း လေးဂိုးအထိသွင်းယူနိုင်ခဲ့ပြီး အဆိုပါသွင်းဂိုးများကို လူငယ်တိုက်စစ်မှူး အမ်ဘာတ်ပီက ပွဲကစားချိန် ၆၁ မိနစ်၊ ၆၆ မိနစ်၊ ၆၉ မိနစ်၊ ၇၄ မိနစ်တို့တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ကစားသမား ကင်ပမ်ဘီက ပွဲကစားချိန် ၃၂ မိနစ်တွင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အပြင် လိုင်ယွန်ကစားသမား တူဆာသည်လည်း ပထမပိုင်းပွဲပြီးခါနီးတွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းနှင့် လိုင်ယွန်အသင်း ပွဲစဉ်ပထမပိုင်းတွင် လူစုံခဲ့သော်လည်း ဒုတိယပိုင်းတွင် နှစ်သင်းစလုံးကစားသမားတစ်ဦးလျော့ဖြင့် ကစားခဲ့ရခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ပွဲစဉ် ၉ ကစားအပြီးတွင် ကိုးပွဲစလုံးအနိုင်ရရှိထားကာ ရမှတ် ၂၇ မှတ်အထိ ရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်ထားနိုင်ခဲ့ကြောင်းလည်း သိရသည်။ လက်ရှိတွင် အမှတ်ပေးဇယားဒုတိယနေရာမှ လိုင်လီအသင်းကိုလည်း ရမှတ်ရှစ်မှတ်အထိ ဖြတ်ထားနိုင်ခဲ့ကြောင်း သိရသည်။

## ဘောလုံးလောက သတင်းတိုများ

- ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ကစားသမားပေါ့ဘာအား ရောင်းချလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။
- **အာဆင်နယ်တိုက်စစ်မှူးဟောင်း တယ်ရီဟင်နရီသည် အက်စ်တွန်ဗီလာအသင်းနည်းပြဖြစ်လာရန် ရှိနေပြီး အက်စ်တွန်ဗီလာနှင့် ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီမှာ ၎င်း၏လက်ထောက်နည်းပြဖြစ်လာရန်ရှိနေကြောင်း သိရသည်။**
- မေဂျာလိဂ်ကလပ် အတ္တလန္တာယူနိုက်တက်အသင်းအတွက် ယခုနှစ်တွင် သွင်းဂိုး ၁၂ ဂိုးအထိသွင်းယူထားနိုင်ခဲ့သည့် တိုက်စစ်မှူး အယ်လ်မီရွန်အား အာဆင်နယ်အသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူသွားရန်ရှိနေပြီး ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် မေဂျာလိဂ်မှ ထွက်ခွာရန်လည်း ရှိနေကြောင်း သိရသည်။
- **မန်ယူအသင်းနှင့် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသော ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း ဇီဒန်းမှာ ပရီမီယာလိဂ်တွင် နည်းပြရန် ဆန္ဒမရှိကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။**
- လီဗာပူးအသင်းနည်းပြ ကလော့သည် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့ခြင်းကြောင့် ကွင်းလယ်ပိုင်းတွင် ဖန်တီးပေးနိုင်မည့် ကစားသမားတစ်ဦးကို စာချုပ်ချုပ်ဆိုခေါ်ယူလိုကြောင်း ပြောကြားခဲ့သည်။
- **အီတလီစီးရီးအေချန်ပီယံဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမားဟောင်း ပေါ့ဘာအား စာချုပ်ချုပ်ဆိုခေါ်ယူလိုကြောင်း ပြောကြားခဲ့သည်။**




# ဘာလွန်းဒီအောဆုအတွက် ပဏာမစာရင်းတွင် စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ ပါဝင်လာခဲ့

ယခုနှစ်တွင် ပေးအပ်ချီးမြှင့်မည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဘာလွန်းဒီအောဆု)အတွက် ပဏာမကစားသမားစာရင်းတွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် တိုက်စစ်မှူး ဂါရတ်ဘေးလ်တို့လည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

လက်ရှိထုတ်ပြန်ထားသော စာရင်းအရ မန်စီးတီးတိုက်စစ်မှူး ကီဗင်ဒီဘရိုင်းနှင့် တိုက်စစ်မှူး အဂူရို၊ လီဗာပူးဂိုးသမား အဲလစ်ဆင်နှင့် တိုက်စစ်မှူး ဖာမီနိုတို့လည်း ပါဝင်လျက်ရှိသည်။

အဆိုပါဘာလွန်းဒီအောဆုကို ၁၉၅၆ ခုနှစ်က စတင်ပေးအပ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်ရရှိမည့်ကစားသမားကို ဒီဇင်ဘာ ၃ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းလည်းသိရသည်။ ယခုနှစ်တွင်မှု ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးကစားသမားဆု(အမျိုးသမီးဘာလွန်းဒီအောဆု)ကိုလည်း စတင်ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်နှစ်ကလည်း ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူဖြစ်ပြီး ယခုနှစ်တွင်လည်း ပဏာမကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အက်သလက်တီကိုမက်ဒရစ်နောက်တန်းကစားသမား ဒီယေဂိုဂိုဒင်၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာ၊ ဂိုးသမား ကော်တိုရစ်၊ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ကာဗာနီတို့လည်း လတ်တလောထုတ်ပြန်ထားသည့်စာရင်းတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

# ခင်ဦးမြို့၌ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ခင်ဦး အောက်တိုဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက် ဈေးဆိုင်တစ်ဆိုင်ရှိ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ဈေးဆိုင်တစ်ဆိုင်၌ အောက်တိုဘာ ၇ ရက် ည ၁၁ နာရီ ၃၈ မိနစ်က မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ ခင်ဦးမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မုံရွာနယ်မြေစခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရွှေဘိုမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရေဦးမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ရှစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၅ ဦး၊ ပြည်သူ ၁၀၀ တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ အောက်တိုဘာ ၈ ရက် နံနက် ၀၀း၄၅ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် နှစ်ထပ်ဈေးဆိုင် ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဈေးဆိုင်ပိုင်ရှင် ဦးဂျက်ကိုကိုငြိမ်းအား ခင်ဦးမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိသည်။ **မိုးသောက်(ရွှေဘို)**

# မိုးကုတ်မြို့နယ်၌ ဆိုင်ကယ် ငါးစီးနှင့် ဘိန်းစိမ်း ၅၀ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**
မိုးကုတ်မြို့နယ် လယ်ကြီးတံတားရဲကင်းမှူး ရဲအုပ်လှနေအောင် ဦးစီးအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီခွဲက ရဲကင်းရှေ့၌ ဆိုင်ကယ်ငါးစီးအား စစ်ဆေးရန် တားဆီးစဉ် ထွက်ပြေးသွားသဖြင့် မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းခိုင်ဦးစီးအဖွဲ့က ပိတ်ဆို့ရှာဖွေရာ အဖြူရောင်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြား၌ ဆိုင်ကယ်ငါးစီးဖြင့် အမျိုးသား ငါးဦးအား တွေ့ရှိ၍ဖမ်းဆီးရာ အဆိုပါ ငါးဦးမှ တုတ်၊ ခဲတို့ဖြင့် ပြန်လည်ခုခံရန်ပြုသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရသဖြင့် မျိုးလွင်ဝင်းတွင် မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သည်။



၎င်းတို့ မောင်းနှင်လာသော ဆိုင်ကယ်သုံးစီးပေါ်မှ ဆာလာအိတ်ဖြင့် ထည့်ထားသော ဘိန်းစိမ်း ၅၀ ကီလို(၁ကီလိုလျှင် ကျပ် ၁၅ သိန်းနှုန်းဖြင့် တန်ဖိုးငွေကျပ် သိန်း ၇၅၀) အား သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မိုးကုတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# လွိုင်ကော်မြို့၌ လက်နက်နှင့် ကျည်တောင့်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**
တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက လွိုင်ကော်မြို့ လောမွေရပ်ကွက်နေ ကိုကိုနိုင်(ခ) အနိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း အိပ်ရာခေါင်းရင်းရှိ ပြောက်ကျားအိတ်အတွင်းမှ ချက်နိုင်ငံလုပ် CZ75 BGAL.9 LUGER ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၁ တောင့်၊ လက်ကိုင်ဖုန်းတစ်လုံး၊ ဝန်ထမ်းကတ်တစ်ခု၊ ထောက်ခံချက်တစ်စောင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းအား







လွိုင်ကော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# တနင်္သာရီမြို့ မွန်စုရပ်ရှိ ကူးတို့ဆိပ်၌ ဘိန်းစာမှုန့် ၁၁၉ ထုပ်သိမ်းဆည်းရမိ

**တနင်္သာရီ အောက်တိုဘာ ၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် မွန်စုရပ်ရှိကူးတို့ဆိပ်၌ အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီခန့်က အမျိုးသမီးတစ်ဦးထံမှ ဘိန်းစာမှုန့် ၁၁၉ ထုပ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် မွန်စုရပ်ရှိ ကူးတို့ဆိပ်တွင် အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီခန့်က စောင့်ဆိုင်းနေစဉ် ဗောဓိကမ်းကျေးရွာဘက်မှ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် မွန်စုကူးတို့ဆိပ်သို့ ကူးလာသည့် ကူးတို့ပေါ်တွင် လိုက်ပါလာသော မတိုးတိုးခိုင်အား စစ်ဆေးရာ ခြင်းတောင်းအတွင်း ဆာလာအိတ်ဖြင့်ထည့်လျက် ဘိန်းစာမှုန့်ဟု ယူဆရသော အစိမ်းဝါရောင်မှုန့် ၁၁၉ ထုပ် (စုစုပေါင်းအလေးချိန် ၉ ဒသမ ၇၁၀၄ ကီလိုဂရမ်) အား တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘိန်းစာမှုန့်များ လက်ဝယ်တွေ့ရှိသူ မတိုးတိုးခိုင်အား တနင်္သာရီမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**


# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မြစ်သား**
မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီက မြစ်သားမြို့နယ် သိုတန်ကျေးရွာအုပ်စု သိုတန်ကျေးရွာရှိ မနွယ်နီထွန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ငွေကျပ် ၁ ဒသမ ၇၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

**နောင်ချို**
အလားတူ ယင်းနေ့ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးကားလမ်းတွင် ရွှေမောသျှမ်းခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၀၊ အိုက်စ် ၈၈၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**တန့်ယန်း**
ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၂၃ တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ် ၆ ရပ်ကွက်၊ ဟိုနမ့်ကျေးရွာရှိ မနန်းနွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ ကို လည်းကောင်း။

**ကွတ်ခိုင်**
ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့ ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာ ယူကလစ်တောအနီး ကွတ်ခိုင်-ကောင်းခါး-လွယ်ခန်သွားကားလမ်းတွင် အောင်ဆန်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



အောင်ဆန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၅၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈၆၅ သန်း) စုစုပေါင်းတားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃၂ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၇ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ၁၂ ဘီးယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ် ၁၂ စီးနှင့် အားကစားဝတ်စုံများ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၅၅ သန်း) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။
**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်၌ အမိုးနီးယားဓာတ်ငွေ့များ ယိုစိမ့်မှုကြောင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးငါးဦး ဆေးရုံတက်ကုသရ

**နေပြည်တော် အောက်တိုဘာ ၈**
လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ Gallant Ocean ငါး၊ ပုစွန်အအေးခန်းစက်ရုံ၌ အောက်တိုဘာ ၇ ရက် နံနက် ၁ နာရီခွဲက အမိုးနီးယား သိုလှောင်အိုး၏ ဓာတ်ငွေ့ပြန်ပိုက်တွင် တပ်ဆင်သည့်ဘား ချွတ်ယွင်းမှုကြောင့် ဓာတ်ငွေ့စိမ့်ထွက်မှုဖြစ်ပေါ်၍ ၎င်းစက်ရုံ အအေးခန်း စက်မောင်းတာဝန်ထမ်းဆောင်နေသော လှိုင်သာယာမြို့နယ် ၁၅ ရပ်ကွက်နေ ကိုသားငယ် (ခ)တင်ထွန်းဦးပါ ခြောက်ဦး (ကျား တစ်ဦး၊ မ ငါးဦး)တို့သည် အမိုးနီးယားဓာတ်ငွေ့များ ရှူမိသဖြင့် အသက်ရှူကျပ်(မစိုးရိမ်ရ)၍ နံနက် ၃ နာရီ မိနစ် ၄၀ တွင် လှိုင်သာယာပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူ လျက်ရှိပြီး မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့်အဖွဲ့က ဓာတ်ငွေ့ယိုစိမ့်မှုမရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ရဲပြန်ကြား**

# မတ္တရာမြို့နယ်တွင် ကျောက်ထုတ်လုပ်ရေးစက်ရုံ မီးလောင်

**မတ္တရာ အောက်တိုဘာ ၈**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ညောင်အုပ်ကျေးရွာရှိ ရွှေသစ်စတင်ချိန်သလင်းကျောက်ထုတ်လုပ်ရေးစက်ရုံ၌ အောက်တိုဘာ ၇ ရက် ည ၈ နာရီက ဝိုင်ယာကြိုးအပူလွန်ကဲမှုကြောင့် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မတ္တရာမြို့နယ် မီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီး၊ အမှတ်(၂) အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီး၊ ရေနံ့သာအရန်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဝန်ထမ်းအဆောင်နှင့် သိုလှောင်ခန်းအဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် မီးပေါ့ဆသူတာဝန်ခံ ဦးဇော်မျိုးသန့်အား ရေနံ့သာနယ်မြေစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**စိုးကျော်သူထွေး(မတ္တရာ)**

# ကသာမြို့နယ်၌ မီးသွေးအိတ် ၈ ဒသမ ၉၇၉ တန် သိမ်းဆည်းရမိ

**ကသာ အောက်တိုဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းတော်-ကသာသွားကားလမ်းပေါ်ရှိ နိုင်ငံပိုင်စိုက်ခင်းအတွင်းမှ တရားမဝင် မီးသွေးဖုတ်နေသူလေးဦးအား သက်သေခံမီးသွေးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၇ ရက် ည ၈ နာရီခွဲခန့်တွင် ကသာမြို့နယ် သစ်တောဝန်ထမ်းများသည် ကသာမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့နှင့်ပူးပေါင်း၍ သတင်းအရ ကသာမြို့နယ် လမ်းခွကျေးရွာအနီး ကသာ-အင်းတော်သွားကားလမ်း မိုင်တိုင်အမှတ် ၈/၂ နေရာတွင် ဝင်ရောက်ရှာဖွေရာ နိုင်ငံပိုင်ပျဉ်းကတိုးစိုက်ခင်းအတွင်း၌ ပျဉ်းကတိုးပင်များအား ခုတ်လှဲ၍ မီးသွေးဖုတ်နေသော ၄၅ ပေါင်ဝင် မီးသွေးအိတ် ၅၅ အိတ်၊ (၈ ဒသမ ၉၇၉တန်) နှင့်အတူ မောင်တင့်၊ ကျော်မင်းဦး၊ အောင်တင်ဝင်းနှင့် မမြင့်မြင့်ကြည်တို့အား တွေ့ရှိရသဖြင့် ခွင့်ပြုမိန့်မရှိဘဲ ပျဉ်းကတိုးပင်များ ခုတ်လှဲ၍ မီးသွေးဖုတ်နေသူ အင်းတော်မြို့နယ် နဘားကျေးရွာနေ ကျော်မင်းဦးနှင့် အောင်တင်ဝင်း၊ ကသာမြို့နယ် လမ်းခွကျေးရွာနေ မောင်တင့်နှင့် မမြင့်မြင့်ကြည်တို့ လေးဦးတို့အား ကသာမြို့မရဲစခန်းမှ သစ်တောဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**လူအောင်(ကသာ)**

# သင်သာသင်ပါမြတ်ဆရာ

ဒေါက်တာမော်

**အမှိုက်မပစ်တာ စင်ကာပူရောက်မှ မဟုတ်ပါ။**
**အမှိုက်ကောက်တာ အခုမှ မဟုတ်ပါ။**
**သိတတ်တဲ့ အရွယ်ကတည်းက အမှိုက်ကို**
**တွေ့ကရာနေရာမှာ တစ်ခါမှမပစ်ဖူးပါ။**

အလွန်တည်ကြည်အေးချမ်းသော လေ့ကျင့်ရေး အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်၏ စည်းကမ်းကြောင့် ဖြစ်ပါသည်။

တနင်္လာနေ့တိုင်း ကျောင်းအုပ်ဆရာမကြီးက ကျောင်းသားအားလုံးကိုစုဝေးစေပြီး ကျောင်းစည်းကမ်းများ၊ ကျောင်းသားကျင့်ဝတ်၊ လူကျင့်ဝတ်များ သင်ပြမှာကြားပါသည်။ အမှိုက်မပစ်ရန်၊ အမှိုက်တွေ့လျှင် ကောက်ရန်၊ ခုံတွေကို ညီညီညာညာ စီထားရန် စာသင်ခန်းကို သန့်ရှင်းအောင်လုပ်ထားရန်၊ လက်သည်း ခြေသည်း တွေညှပ်ထားရန်၊ တစ်ကိုယ်ရေသန့်ရှင်းရန်မှအစ ကျောင်းချိန်မှာ ကျောင်းအနောက်က ကန်စွန်းခင်းကို မသွားရန်၊ စာသင်နေချိန်မှာ အပေါ့ အလေးသွားလိုလျှင် ဆရာ့ထံမှ မည်ကဲ့သို့ယဉ်ကျေးစွာ ခွင့်တောင်းရမည် ဆိုသည်အထိ အသေးစိတ်သင်ပေးမှာကြားပါတယ်။ ဆရာမကြီး၏ တည်ကြည်ပြတ်သားသော အမှာစကား၊ စေတနာ၊ မေတ္တာ၊ မျှော်လင့်ချက်၊ ရည်ရွယ်ချက်တွေနဲ့ တောက်ပကြည်လင်နေသော မျက်ဝန်းဝိုင်းဝိုင်း၊ ဆရာမကြီး စကားပြောနေချိန်မှာ Assembly ခန်းမ၌ တုပ်တုပ်မျှပင်မလှုပ်ဘဲ စိတ်ဝင်တစား နားထောင်နေကြသည့် ကျောင်းနေဖက်ကျောင်းသားများကို မော်ယနေ့အထိ မှတ်မိနေပါသည်။

ကျောင်းသန့်ရှင်းရေးအတွက် ဆရာမကြီးက အပြောနှင့်သာ မှာကြားသည်မဟုတ်ချေ။ ကျန်စစ်သား (အဝါ) အသင်း၊ ဘုရင့်နောင်(အစိမ်း)အသင်း၊ အလောင်းဘုရား (အနီ)အသင်း၊ ဗန္ဓုလ(အပြာ)အသင်းဟူ၍ အသင်းလေးသင်းဖွဲ့ကာ တာဝန်ပေးပြီး အကောင်အထည်ဖော်စေပါသည်။ သန့်ရှင်းမှုကိုလည်း ကျောင်းတွင်းမှာ ကိုယ်တိုင်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်ပေးပါသည်။ ထို့ကြောင့် မော်တို့ကျောင်းကလေးသည် ကွန်ကရစ်မခင်းထားသော်လည်း မည်သည့်အချိန်မှာမဆို သန့်ရှင်းနေပါသည်။ သူငယ်တန်းကစပြီး ဆရာမကြီး ပျိုးထောင်ပေးလိုက်သဖြင့် သန့်ရှင်းစွာနေတတ်မှု၊ အမှိုက်မပစ်မှုတွေသည် မော့်တစ်သက်လုံး မည်သည့်လူ့အဖွဲ့အစည်းမှာနေနေ၊ မည်သည့်နိုင်ငံကိုရောက်ရောက် မွေးရာပါသကဲ့သို့ အလိုလိုကျင့်သုံးနေမိသည်။ ထို့ကြောင့် စည်းကမ်းရှိဖို့၊ လူ့ကျင့်ဝတ်တွေနဲ့ ပြည့်စုံဖို့ဆိုသည်တို့မှာ ငယ်စဉ်ကတည်းက ပျိုးထောင်ခဲ့သော ပညာရေးအခြေခံ အလွန်အရေးကြီးပါသည်။ ပျိုးထောင်ပေးသည့်ဆရာ အလွန်အရေးကြီးပါသည်။

## အလွယ်တကူ နားလည်

ကျောင်းအုပ်ဆရာမကြီးက စည်းကမ်းပိုင်း၊ ကျင့်ဝတ်ပိုင်းတွေကို အဓိကပျိုးထောင်ပေးနေချိန်တွင် အတန်းပိုင်ဆရာ၊ ဆရာမများ၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကလည်း စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ပညာတွေနဲ့ မော်တို့ကို စာတတ်အောင်၊ စာကိုချစ်အောင်၊ နားလည်အောင် သင်ပေးကြပါသည်။ ထိုဆရာ ဆရာမများအနက် သိပ္ပံဆရာဦးစိန်ဝင်း၏ သင်ကြားပုံကို ဥပမာပြလိုပါသည်။ ယခုခေတ်ပြောပြောနေသော Problem Based Learning Creative Thinking တွေဆိုသည်များမှာ မော်အလယ်တန်းကျောင်းသူ ဘဝ (၁၉၇၀-၈၀) လောက်ကတည်းက ဆရာအသုံးပြုနေသော သင်ကြားနည်းတွေဖြစ်ပါသည်။ ဆရာစာသင်ချိန်တွေမှာ မော်တို့ကျောင်းသားများသည် ဖတ်စာအုပ်ထဲမှာမရှိကြဘဲ တစ်ကမ္ဘာလုံး၊ တစ်စကြဝဠာလုံး ရောက်နေသည့်အတွက် ဖတ်စာအုပ်ဆီ ပြန်ရောက်သောအခါ သင်ယူမှတ်သားရမည့်အချက်များမှာ သေးသေးလေးတွေဖြစ်နေသဖြင့် အလွယ်တကူ နားလည်နေပါသည်။ ဆရာသည် သင်ယူမှတ်သားရမည့် အချက်များကို နိစ္စဓူဝမြင်တွေ့နေရသော ကိစ္စများနှင့်လည်း ဆက်စပ်ပြီး ရှင်းပြတတ်ပါသည်။

မော်တို့ တိုင်းပြည်သည် မချမ်းသာပါ။ မော်တို့ကျောင်းကလေးသည် မချမ်းသာပါ။ သိပ္ပံသင်ရန်အတွက်လည်း ဓာတ်ခွဲခန်းတွေမရှိပါ။ သို့သော် ဆရာက ဓာတ်ခွဲခန်းရှိသကဲ့သို့ တတ်မြောက်အောင် သင်ပေးခဲ့ပါသည်။ ထိုနေ့က ရုပ်ဝတ္ထုများ ထုထည်ရှာရမည့် သင်ခန်းစာသင်ပါသည်။ ဓာတ်ခွဲခန်းသုံး ဗီကာ၊ ရေဖြည့်ထားသော ရေခွက်၊ ကျောက်ခဲ၊ ကြိုးပုံတွေကို မြေဖြူဖြင့် ကျောက်သင်ပုန်းပေါ်မှာ ဆွဲပါသည်။ ထို့နောက် ရုတ်တရက် မော့်ကို ထခိုင်းပြီး ကျောက်သင်ပုန်းပေါ်မှာပေးထားသော ပစ္စည်းများသုံးကာ ထိုကျောက်ခဲ၏ထုထည်ကို ရှာခိုင်းပါသည်။ "ထုထည်" ဆိုသည်ကို ယခုမှကြားဖူးပြီး ဗီကာဆိုသည်မှာလည်း ယခုမှပုံမြင်ဖူးသော မော့်ဦးနှောက်ထဲမှာ အလုပ်အတော်ရှုပ်သွားပါသည်။ ဆက်စပ်တွေးခေါ်ပြီး အဖြေပေးနိုင်လိုက်သော အခါမှာတော့ ကိုယ့်ကိုယ်ကိုယ် သိပ်ကျေနပ်သွားပါသည်။ စာကို သင်ယူရသည်မှာလည်း ပိုပျော်လာပါသည်။ အသစ်အသစ်တွေ သင်ယူဖို့လည်း စိတ်အားတွေ ထက်သန်လာပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု (Confidence Self Esteem) စူးစမ်းဆင်ခြင်မှု (Curiosity; Analysis)၊ အမြဲလေ့လာသင်ယူချင်နေမှု (Life Long Learning) တွေကို ဆရာ ပျိုးထောင်ပေးလိုက်ပါပြီ။

မော်. . . ဆရာဝန်ပါ။ ဆေးကျောင်းသားတွေကို သင်ပြရတဲ့ ကျောင်းဆရာမပါ။ ကျန်းမာရေးဝန်ထမ်းတွေကို သင်ပြပေးရတဲ့ ကျောင်းဆရာမပါ။ ထိုအလယ်တန်းကျောင်းကလေးမှာ ပညာသင်ယူပြီးနောက် အထက်တန်းကျောင်းနောက်ပိုင်းဒေသကောလိပ်၊ ဆေးတက္ကသိုလ်၊ ဘွဲ့လွန်အတွက် ပြည်ပတက္ကသိုလ်တွေမှာ ပညာသင်ယူခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံးအနက် ထိုနေ့က ထုထည်ရှာတဲ့ သင်ခန်းစာလေးကို ယနေ့အထိတိုင် မှတ်မှတ်ရရ မှတ်မိနေပါသည်။ ဩော်. . . ငယ်ဆရာစွမ်းပကား ကြီးလှပါတကား။

> **ယနေ့ မြန်မာနိုင်ငံတွင် အခက်အခဲ၊ ပြဿနာ၊ စိန်ခေါ်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံကာ ဘဝကို နှစ်မြှုပ်၍ ကျောင်းဆရာလုပ်နေသော နိုင်ငံသားကောင်းများစွာရှိပါသည်။ သို့သော် မလုံလောက်သေးပါ။ အရေအတွက် တိုးမြှင့်ရန် လိုအပ်နေ...**

## တာဝန်ထမ်းဆောင်

ထိုသို့သော မြတ်ဆရာများ၏ ပျိုးထောင်မှုကြောင့် ထိုစဉ်လူငယ် ယနေ့လူကြီး အတောင်အလက်စုံပြီဖြစ်၍ မြင့်သည်ထက်မြင့်အောင် ပျံသန်းလာကြသော မော်တို့သည် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ စာရင်းအင်းပညာရှင်၊ စိုက်ပျိုးရေးပညာရှင်၊ စီးပွားရေးပညာရှင်၊ ကျောင်းဆရာ၊ ဂုဏ်ထူးဆောင်သံအမတ်၊ အနုပညာရှင် စသည်ဖြင့် ကဏ္ဍအသီးသီး၊ ဒေသအသီးသီးတွင် အသိပညာရှင်ကောင်း၊ အတတ်ပညာရှင်ကောင်းများ အဖြစ် တာဝန်ထမ်းဆောင်နေကြပေပြီ။

ဆရာဝန်အလုပ်သည် မြင့်မြတ်ပါ၏။ ဆရာဝန်ဖြစ်ဖို့ ဆရာရှိရပေသည်။ အင်ဂျင်နီယာအလုပ်သည် မြင့်မြတ်ပါ၏။ အင်ဂျင်နီယာဖြစ်ဖို့ ဆရာရှိရပေသည်။ အသိပညာ၊ အတတ်ပညာတိုင်း မြင့်မြတ်ပါ၏။ အသိပညာ၊ အတတ်ပညာတိုင်းအတွက် ပျိုးထောင်သူ ဆရာရှိ၏။ ထို့ကြောင့် ကျောင်းဆရာအလုပ်သည် အလုပ်အားလုံး၏ မိခင်ဖြစ်သည်။ ကျောင်းဆရာဖြစ်ဖို့သည်ပင်လျှင် ဆရာဖြစ်အောင် သင်ပေးသည့် ဆရာရှိရပါပေသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းအလုပ်အားလုံး၏မိခင်သည် ကျောင်းဆရာအလုပ်ပင်ဖြစ်ပေသည်။

## အရေးတကြီးလိုအပ်နေ

ထိုမျှအရေးကြီးသော မိခင်ဖြစ်သော ကျောင်းဆရာများ၏ အရည်အချင်းများကို ယခုခေတ် ပြောင်းလဲတိုးတက်လာသော သင်ထုံးသင်နည်းများနှင့်အညီ တိုးမြှင့်ပေးရန် အရေးတကြီးလိုအပ်နေပါသည်။ ကျောင်းဆရာများအနက် အခြေခံပညာ၊ အခြေခံကျင့်ဝတ်များကို သင်ကြားပေးသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းဆရာများ၏ အခန်းကဏ္ဍမှာ ပို၍ပင် အရေးကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် မူလတန်းအရွယ်၊ အလယ်တန်းအရွယ် ကလေးငယ်တွေသည် ဖယောင်းလေးတွေကဲ့သို့ ပုံသွင်းရတာအလွယ်ဆုံး၊ ပျိုးပင်လေးတွေလို မြေတောင်မြှောက်ပေးရန် အဖြစ်နိုင်ဆုံးမို့ ဖြစ်ပေသည်။ မော်တို့နိုင်ငံမှာ ယနေ့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုကျော်လွှားနိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာကား ယနေ့ကလေးများကို အရည်အချင်း ပြည့်စုံတဲ့ နိုင်ငံသားကောင်းကြီးတွေ ဖြစ်လာနိုင်အောင် မွေးထုတ်ပေးခြင်းပေတည်း။

ဤကဲ့သို့ မွေးထုတ်ပေးရန်အတွက် ကျောင်းဆရာတွေရဲ့အရည်အချင်းသည် အရေးကြီးကြောင်း ပေါ်လွင်သတိပြုလုပ်ဆောင်စေဖို့ UNESCO အဖွဲ့၏ "The Right To Education Means The Right To A Qualified Teacher" ဟူသော (၂၀၁၈)ခုနှစ် "ကမ္ဘာ့ဆရာများနေ့" အထိမ်းအမှတ်ဆောင်ပုဒ်ကို ကြိုဆိုထောက်ခံမိပါသည်။

မော်တို့ တိုင်းပြည်သည် ငွေကြေးမချမ်းသာသော်လည်း ပေါက်ခါစပျိုးပင်၊ မွေးခါစကလေးတွေ အများကြီး ချမ်းသာပါသည်။ ကမ္ဘာအရပ်ရပ်မှာမွေးသော ကလေးတွေနှင့် လူချင်းအတူတူ၊ ဉာဏ်ရည်ချင်းအတူတူ ဖြစ်သော ကလေးသူငယ်များစွာကို ပိုင်ဆိုင်ထားသည့် တိုင်းပြည်ဖြစ်ပါသည်။ ဤကလေးငယ်တို့ကို အရည်အချင်းရှိသော ဆရာတွေက အရည်အချင်းပြည့်စုံသော အသိပညာရှင်၊ အတတ်ပညာရှင်အသီးသီးကို မွေးထုတ်ပေးနိုင်မည်ဆိုလျှင် ကမ္ဘာမှာ မြန်မာသည် အရည်အချင်းပြည့်မီ တိုးတက်သောနိုင်ငံဖြစ်လာမည်မှာ မလွဲနိုင်ပါ။

ရင်ပေါင်တန်းနိုင်ရန် နိုင်ငံတော်က ကြိုးစားလုပ်ဆောင်နေသည်ကိုတွေ့ရတာ ဝမ်းသာပါသည်။ နောက်ထပ်များစွာ လုပ်ဆောင်ရပေဦးမည်။

ယနေ့ မြန်မာနိုင်ငံတွင် အခက်အခဲ၊ ပြဿနာ၊ စိန်ခေါ်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံကာ ဘဝကို နှစ်မြှုပ်၍ ကျောင်းဆရာလုပ်နေသော နိုင်ငံသားကောင်းများစွာ ရှိပါသည်။ သို့သော် မလုံလောက်သေးပါ။ အရေအတွက် တိုးမြှင့်ရန် လိုအပ်နေပါသည်။

အရည်အချင်းရှိသော ဆရာအရေအတွက်များလာစေရန် အရည်အချင်းရှိသူတွေကိုလည်း ကျောင်းဆရာလုပ်ကြရန် တိုက်တွန်းလိုပါသည်။ မြန်မာပြည်မှာ ကျောင်းသားတွေသည် အမှတ်ကောင်းလျှင် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေစသည်ဖြင့်သာ ဖြစ်ချင်ကြသည်။ ကျောင်းဆရာအလုပ်ကိုတော့ လခနည်းတာက တစ်ကြောင်း၊ ဝါသနာမပါတာကတစ်ကြောင်း၊ ဆရာဝန်၊ အင်ဂျင်နီယာစသည့် အလုပ်လောက် မမြင့်မြတ်ဘူးလို့ ထင်တာကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မလုပ်ချင်ကြပါ။

## အလုပ်အားလုံး၏ မိခင်

စင်စစ်မူကား ကျောင်းဆရာအလုပ်ဆိုသည်မှာ အသက်မွေးဝမ်းကျောင်းအလုပ်ဟု သတ်မှတ်ရုံဖြင့်မပြည့်စုံပါ။ စေတနာ၊ ဝါသနာ၊ အနစ်နာတွေနဲ့ တစ်ဘဝလုံးကို ပေးထားရသော အလုပ်ဖြစ်ပါသည်။ (Teaching is not a profession. It is a passion. It is a way of Iife)

ဝါသနာပါသည်၊ မပါသည်ဆိုသည်မှာ လုပ်ကြည့်မှ သိမည်ဖြစ်သည်။ မည်သည့်တက္ကသိုလ်တက်မည်ဟု မဆုံးဖြတ်မီ စာသင်ပေးကြည့်စေချင်ပါသည်။ ကိုယ်သင်လိုက်လို့ အသိဉာဏ်ပွင့်သွားသော၊ သိသွားတတ်သွားသော ကလေးတွေကို တွေ့ရသည်မှာ ကြည်နူးတတ်လျှင် ကျောင်းဆရာအလုပ်တွင် မွေ့လျော်နိုင်ပါသည်။ ဆရာဝန်ထက် မွန်မြတ်သည်ဆိုသည်ကိုကား ကျောင်းဆရာအလုပ်ကသာ အလုပ်အားလုံး၏မိခင်ဖြစ်သဖြင့် အထူးပြောစရာမလိုတော့ပါ။ လခနည်း၍ မချမ်းသာနိုင်သော်လည်း တစ်ဝမ်းတစ်ခါးပြည့်စုံကာ ရှာဦးမှာ လိုလေသေးမရှိထား၍ အကြည်အညိုခံရသောဘဝကို ရနိုင်ပါသည်။

အရည်အချင်းရှိသော ကျောင်းသားများကိုသာမက အရည်အချင်းရှိ၍ ကဏ္ဍအသီးသီးတွင် အောင်မြင်ပြည့်စုံနေသော အသိပညာရှင်ကြီး၊ အတတ်ပညာရှင်ကြီးများကိုလည်း မိမိတို့၏ အတွေ့အကြုံများကြောင့် ရင့်ကျက်လာသော အသိအမြင်များကိုအသုံးချကာ စေတနာ၊ ဝါသနာအခြေခံပြီး ကျောင်းဆရာလောကသို့ ခြေဆန့်ကြည့်ကြစေရန် တိုက်တွန်းလိုပါသည်။

မကြာသေးခင်က မော့်သားလေးနှစ်ယောက်နှင့်အတူ ရန်ကုန်မြို့နားရှိ မော်တို့ကိုးကွယ်သော ဘုန်းတော်ကြီး တည်ထောင်ထားသည့် အလယ်တန်းကျောင်းလေးမှာ လုပ်အားသွားပေးကြသည်။ ကြမ်းခင်းဈေးထက် လျှော့ကာ ဆရာတော်ထောက်ပံ့သော လခဖြင့်ရှင်သန်ပြီး ကလေးတွေသံယောဇဉ်နှင့် စာသင်ပေးနေသော ဆရာမလေးတွေကို တွေ့ခဲ့ရသည်။ အညာကရွာတစ်ရွာမှာ သိမ်အလှူအတွက်သွားတော့လည်း ရွာက မူလတန်းကျောင်းလေးကို ရောက်အောင်သွားပြီး မူလတန်းကလေးတွေကို တစ်ချိန်စာသင်ပေးခဲ့သည်။ ကလေးတွေရဲ့ အဖြူရောင်နှလုံးသားလေးတွေကို တွေ့ထိခဲ့သည်။ အချို့ကလေးတွေသည် ဉာဏ်ရည် အတော်ကောင်းပြီး ပျိုးထောင်ပေးလိုက်လျှင် ထူးချွန်သွားကြမည့်သူများဖြစ်သည်။ ထိုကလေးတို့ကို စာသင်ပေး၍ သူတို့အသိဉာဏ်လေးတွေ ပွင့်သွားသည့်တစ်ခဏမှာ ဖြာလာသောပီတိသည် အလွန်အရသာရှိပါ၏။ နောင်အနာဂတ် ၁၀ နှစ်၊ အနှစ် ၂၀ တွင် ဤကလေးတို့အနက် မည်သူက မည်သည့်အသိပညာရှင်၊ အတတ်ပညာရှင်တွေဖြစ်နေမည်နည်းဟု အနာဂတ်ကို လှမ်းမျှော်မှန်းဆကြည့်မိပါသည်။

အတွေးတွေများသွား၍ထင်သည်။ ဤဆောင်းပါးလေးရေးပြီးသည့်ညက အိပ်မက်လှလှလေးမက်သည်။ မော့်စာသင်ပေးခဲ့တဲ့ နှပ်ချေးတွဲလောင်းနှင့် ကလေးငယ်က သူလူကြီးဖြစ်လို့ ပြန်တွေ့တဲ့အခါ မော့်ကိုလာနှုတ်ဆက်သည်။ နှပ်ချေးမရှိတော့ဘဲ ဝင်းလက်တည်ကြည်သောမျက်နှာနှင့် "ကျွန်တော် ကျောင်းဆရာဖြစ်နေပြီ၊ ပျိုးပင်အသစ်လေးတွေများစွာကို ပျိုးထောင်ပေးနေပါပြီ"တဲ့။

ဤအိပ်မက်လှလှလေးဖြင့် အခြေခံပညာကို သင်ပေးသောဆရာများ၊ တက္ကသိုလ်ပညာ အသက်မွေးဝမ်းကျောင်းပညာတို့ကို သင်ပေးသောဆရာများအား "World Teachers' Day" အမှတ်တရအဖြစ် ရိုသေစွာဂုဏ်ပြုလိုက်ပါသည်။ တိုင်းပြည်အနာဂတ်ကို ပျိုးထောင်ရန်လိုအပ်နေသော ဆရာအရေအတွက်တွေ၊ ဆရာအရည်အချင်းတွေ ပြည့်စုံအောင်မြင်ကြစေဖို့ လက်တွဲကြိုးစားကြပါစို့။ ။

# သုံးဆူဘုရားများဖြစ်သည့် ဖောင်တော်ဦးရုပ်ပွားတော်၊ ရှင်ပင်ရေပေါ်ရုပ်ပွားတော်၊ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်တို့ကို ဧရာဝတီမြစ်အတွင်းပင့်ဆောင်ပြီး ရေသပွာယ်



**မြင်းခြံ အောက်တိုဘာ ၈**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် မြို့နယ်လုံးဆိုင်ရာ သုံးဆူဘုရားများဖြစ်သည့် ဖောင်တော်ဦးရုပ်ပွားတော်၊ ရှင်ပင်ရေပေါ်ရုပ်ပွားတော်၊ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်တို့ကို ဧရာဝတီမြစ်အတွင်း ပင့်ဆောင်ပြီး ရေသပွာယ်သည့် ရေဖောင်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲက ကျင်းပသည်။

သုံးဆူသောဘုရားများ ကိန်းဝပ်စံပယ်ရာကျောင်းတော်မှ သပြေပင်အရပ်၊ တောင်အောင်ပန်းအရပ်၊ မြောက်အောင်ပန်းအရပ်မှ ဥပါသကာများက သဒ္ဓာလိဝေါယာဉ်များဖြင့် ဆိပ်ကမ်းသို့ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ပင့်ဆောင်ခဲ့ကြပြီး ဆိပ်ကမ်းတွင် အသင့်ရှိနေသော မော်တော်များပေါ် ပြောင်းရွှေ့ကာ ဧရာဝတီမြစ်ဆီသို့ ပင့်ဆောင်ခဲ့ကြသည်။

ဧရာဝတီမြစ်သို့ရောက်ရှိသည့်အခါ သုံးဆူဘုရားများကို ရေသပွာယ်ပူဇော်ခြင်း (ခေါ်) ရေဖောင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြပြီး ပြန်လည်ပင့်ဆောင်ကာ တစ်ညတာကိန်းဝပ်မည့် သပြေပင်အရပ်၊ တောင်အောင်ပန်းအရပ်၊ မြောက်အောင်ပန်းအရပ်များရှိ ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

သုံးဆူဘုရားများ ဧရာဝတီမြစ်အတွင်း ပင့်ဆောင်ရေသပွာယ်သည့် ရေဖောင်ပွဲတွင် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များမှ လိုက်ပါပူဇော်ခဲ့ကြပြီး လမ်းတစ်လျှောက်နှင့် ဧရာဝတီမြစ်အတွင်း ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များကလည်း လိုက်လံစောင့်ရှောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို မန်းရေနံမြေမှ ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတက်ရောက်

**မင်းဘူး အောက်တိုဘာ ၈**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေ ၂၀၁၈ မိနီဘဏ္ဍာရေးနှစ်အတွင်း မန်းရေနံမြေမှ ထိစပ်ကျေးရွာများသို့ ပံ့ပိုးဆောင်ရွက်ခဲ့သည့် လူမှုတာဝန်သိမှု (CSR ) လုပ်ငန်းနှင့် ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီ က မန်းရေနံမြေ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က ၂၀၁၈ မိနီဘတ်ဂျက်တွင် မန်းရေနံမြေမှ ဆောင်ရွက်ပြီးစီးခဲ့သည့် လူမှုတာဝန်သိမှု (CSR ) လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မန်းရေနံမြေမှ ၂၀၁၈ မိနီဘတ်ဂျက်တွင် လူမှုတာဝန်သိမှု (CSR) အစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းနှင့် ပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်သည်။

မန်းကျိုးကျေးရွာ အလက(ခွဲ) သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောက်စံကျေးရွာ အထက သို့ စာသင်ခုံ၊ မယ်ဘော့ကုန်းကျေးရွာ အထက သို့ စာသင်ခုံနှင့် ဗီရို၊ လက်ပံတောကျေးရွာ အမက သို့ စာသင်ခုံနှင့် ပရိဘောဂ၊ လေးအိမ်တန်းကျေးရွာ အလက သို့ စာသင်ခုံနှင့် ပရိဘောဂ၊ နန်းဦးကျေးရွာသို့ အမိုးပါအုတ်ရေကန်တစ်လုံး၊ လက်ပံတပင် အမကသို့ စာအုပ်စင်နှင့် ပရိဘောဂ၊ ကြာကန်ကျေးရွာ အမကသို့ KG ဆောင်ကြမ်းခင်း၊ မျက်နှာကြက်၊ အမိုးနှင့် စာသင်ခုံများ၊ ရွာသာကျေးရွာ အမကသို့ စာအုပ်စင်နှင့် ပရိဘောဂ၊ ကြီးပင်ကန်ကျေးရွာ မူလွန် (၁)နှင့် (၂) အတွက် စာသင်ခုံနှင့် ဗီရို၊ မန်းရေနံမြေ အထက(ခွဲ) အိမ်ရာကျောင်းသို့ ကျောင်းဆောင်အမိုးနှင့် မျက်နှာကြက်တို့ဖြစ်ကြောင်း သိရသည်။

လူမှုတာဝန်သိမှု(CSR) အစီအစဉ်ဖြင့် လွှဲပြောင်းပေးအပ်သည့် လုပ်ငန်းနှင့်ပစ္စည်းများ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုအထောက်အကူပြုကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့အတွက် စုစုပေါင်း ကျပ် ၇၄၂၃၇၅၅ ဖြစ်ကြောင်း သိရသည်။

မန်းရေနံမြေမှ ရေနံမြေနှင့်ထိစပ်ကျေးရွာများကို လူမှုတာဝန်သိမှု(CSR)အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် မိနီဘဏ္ဍာရေးနှစ်အထိ ပညာရေးကဏ္ဍအတွက် ၁၆၆၆ သိန်း၊ ကျန်းမာရေးကဏ္ဍအတွက် ၉၆၉ သိန်း၊ လူမှုအထောက်အကူပြုကဏ္ဍအတွက် ၅၃၆၆ သိန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၁၈ သိန်း၊ အထွေထွေနှင့် အရေးပေါ်ကဏ္ဍအတွက် ၅၂ သိန်း စုစုပေါင်း ၈၀၇၁ သိန်းခန့်တန်ဖိုးရှိ လုပ်ငန်းနှင့်ပစ္စည်းများ ပံ့ပိုးထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်ထံမှ သိရသည်။ **သန်းဌေး(မင်းဘူး)**

## ရွှေဘိုမြို့တွင် လှေခင်းသဘင်ပွဲနှင့် လှေပြိုင်ပွဲ ကျင်းပ



**ရွှေဘို အောက်တိုဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ မော်ခေါမြင်သာ မြို့ထောင့်စေတီတော် (၂၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် လှေခင်းသဘင်ပွဲနှင့် လှေပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီ က မြို့ထောင့်စေတီဘုရား၏ အရှေ့ဘက်မုခ်ဦး၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး ကုန်းဘောင်ခေတ်ပုံစံ ဘုရင်နှင့် မိဖုရားအပါအဝင် နန်းတွင်းသူများ၊ ကုန်းဘောင်ခေတ်ဝါးရင်းတုတ်တပ်ဖွဲ့များက မင်္ဂလာဖောင်တော်ပေါ်သို့ တက်ရောက်ကြ၍ လှေတော်သားများလှော်ခတ်သော လှေတော်များက ဘေးမှခြံရံလိုက်ပါကာ လှေခင်းသဘင်ပွဲတော်ကို ကျင်းပကြသည်။

ထို့နောက် လှေပြိုင်ပွဲများကို ကျင်းပပြီး ရွှေဘိုမြို့ အမှတ် ၃ ရပ်ကွက်ရှိ ပန်းမြိုင်အအေးဆိုင်နှင့် အလှူရှင်မိသားစုတို့က ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

## စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဇုန်အတွင်း သစ်တောစိုက်ခင်း ဧက ၉၃၀ တည်ထောင်သွားမည်

**မုံရွာ အောက်တိုဘာ ၈**
အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့တွင် စိမ်းလန်းလာစေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧက ၉၃၀ ကို တည်ထောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"သစ်ရိပ်ရှိရင် သစ်ပင်ရဲ့သစ်ရွက်တွေက ပင်ငွေ့ပျံတဲ့အခါမှာ မိုးရွာသွန်းမှုကို အထောက်အကူပြုတယ်၊ သစ်ပင်ရှိလို့ မိုးရွာတာတော့မဟုတ်ဘူး၊ မိုးရွာသွန်းမှုကို တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်နိုင်တယ်၊ ရွက်အုပ်တွေများတဲ့ နေရာတွေမှာ မိုးရွာသွန်းဖို့အခြေအနေ ပိုကောင်းတယ်၊ အဲဒီအတွက် ချုံပုတ်အပင်တွေထက်စာရင် သစ်ပင်ကြီးရှိတာက ပိုပြီးတော့ ထိရောက်တယ်၊ ဒါကြောင့် အပူပိုင်းဒေသမှာ စိမ်းလန်းလာစေဖို့ စိုက်တဲ့အခါ ကျေးရွာသုံးစိုက်ခင်းကလွဲပြီး ကျန်တဲ့စိုက်ခင်းတွေက စိမ်းလန်းစိုပြည်ရေးအတွက် အဓိကထားစိုက်တယ်၊ သစ်ပင်တွေရဲ့စိမ်းလန်းနေတဲ့ ရွက်အုပ်တွေရှိရင် နေပျောက်က မြေကြီးကို တိုက်ရိုက်မကျရောက်တဲ့အတွက် ရေငွေ့ဆုံးရှုံးမှုနည်းပြီးအပူသက်သာမယ်၊ ဒါကြောင့်သစ်ပင်တွေကို စိုက်တဲ့အခါမှာ ဒေသနဲ့လျော်ညီတဲ့သစ်ပင်ကိုစိုက်ခြင်းအားဖြင့် ပင်ငွေ့ပျံမှုပိုပြီးတော့ကောင်းပြီး ဒေသမှာ လက်ရှိပေါက်ရောက်နေတဲ့ သစ်မျိုးတွေကို ရွေးချယ်စိုက်ပျိုးတဲ့အတွက် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ထောင်စိုက်ပျိုးပေးမည့် ဧက ၉၃၀ တွင် ကျေးရွာသုံးစိုက်ခင်းဧက ၂၀၀ အပြင် သစ်တောသစ်ပင်များ ပြန်လည်စိမ်းလန်းလာစေရန်၊ စိုက်ပျိုးမြေများ၏ မြေဆီမြေလွှာများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန်အတွက် တောင်တန်းစိုက်ခင်းဧက ၄၃၀၊ အခြားစိုက်ခင်းဧက ၇၀၊ ရေဝေရေလဲစိုက်ခင်းဧက ၂၃၀ စုစုပေါင်းဧက ၉၃၀ ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ **ဝင်းဦး(ဧယျာတိုင်း)**

### တိုတိုထွာထွာဖတ်စရာ

## ကျောင်းသား၊ ကျောင်းသူများအား စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်ပေး

**အိမ်မဲ**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်ပေးခြင်းကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ရာ အမက မြို့မ (၁) နှင့် အမက မြို့မ (၂)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၂ ဦးက "သမီးလေးနဲ့ ဝါစိမ်းနီပြာ" ပုံပြင်ဖြင့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူကျောင်းသား ကျောင်းသူလေးများအား အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ပင်လည်ဘူး**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ခေါက်စင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ခေါက်စင်းကျေးရွာ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာဦးမြင့်သိန်းက အမှာစကား ပြောကြားပြီး မြို့နယ်လျှပ်စစ်မှူး ဦးစန်းအောင်က ကျောင်းသား၊ ကျောင်းသူများအား လျှပ်စစ်အန္တရာယ်အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ ကျောင်းသား၊ ကျောင်းသူလေးများက မေးမြန်းမှုများကို မြို့နယ်လျှပ်စစ်မှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မြစ်သား၌ လုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးပူးပေါင်း အဖွဲ့များဖြင့်ဆောင်ရွက်

**မြစ်သား**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် လုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် လှည့်ကင်းများကို အောက်တိုဘာ ၇ ရက်ညက ဆောင်ရွက်လျက်ရှိသည်။


ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်းဦးဆောင်သော မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် နယ်မြေစိုးမိုးရေး လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## မြို့နယ်သဘင်အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

**သီပေါ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် သဘင်အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက မဟာသာသနာ့ဗိမာန်ဓမ္မာရုံ၌ ကျင်းပသည်။

ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းကာလိန်ဝမ်း (သမိုင်းမွေးရန့်)၊ ဒုဥက္ကဋ္ဌ ဦးရဲအောင် (ရှမ်းရိုးမ)၊ ဒုဥက္ကဋ္ဌ-၂ ဦးမောင်ကြီး (တတ်လျှံ)၊ အတွင်းရေးမှူး ဦးစိုင်းမြတ်အောင် (မောက်ကွန်တိုင်း)၊ အတွင်းရေးမှူး (၁) ဦးစိုင်းဆိုင်လီ၊ အတွင်းရေးမှူး (၂) ဦးအုန်းမောင်လေး (မြန်မာ့ဆိုင်း)၊ ဘဏ္ဍာရေးမှူး ဦးကိုဦး (တောင်မြို့)၊ ပြန်ကြားရေးမှူး ဦးစိုင်းသီဟနှင့် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အေဂျင်စီဟောင်းကို လွမ်းနေတဲ့ ဆိုးဟွန်



တောင်ကိုရီးယားကြယ်ပွင့် ဆိုးဟွန်ကို မြန်မာပရိသတ်တွေအနေနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "Girls' Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် စတင်ရင်းနှီးခဲ့ကြတာဖြစ်ပါတယ်။ ဆိုးဟွန်ဟာ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ် အောင်မြင်မှုတွေ ရလာခဲ့ပြီးနောက်မှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း လှုပ်ရှားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သရုပ်ဆောင်နယ်ပယ်ဘက်ကိုပါ ခြေချလာပြီး အောင်မြင်မှုတွေ ရရှိလာခဲ့သူတစ်ဦးဖြစ်ပါတယ်။ သူဟာ "Girls' Generation"အဖွဲ့ကို တည်ထောင်ပေးခဲ့တဲ့ အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်နဲ့ လမ်းခွဲပြီးနောက် အေဂျင်စီဟောင်းကို လွမ်းမိကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆိုးဟွန်ဟာ ဆယ်စုနှစ်တစ်ခုကြာလက်တွဲလာခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲခဲ့ပြီးနောက် လက်ရှိမှာတော့ မည်သည့် အေဂျင်စီနှင့်မျှ စာချုပ်ချုပ်ဆိုထားခြင်းမရှိပါဘူး။ သူဟာ လက်ရှိမှာ အေဂျင်စီရဲ့ အကူအညီမပါဘဲ ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင်ချကာ တစ်ဦးတည်း အနုပညာလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းနေသူလည်း ဖြစ်ပါတယ်။

ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း အက်စ်အမ်အန်တာတိန်းမန့်ရဲ့လက်အောက်မှာ "Girls' Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတခရီးစတင်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ အေဂျင်စီရဲ့ လမ်းပြသင်ကြားပေးမှုတွေအောက်မှာ သီချင်းဆိုတာ၊ သရုပ်ဆောင်တာနဲ့ပတ်သက်တဲ့ အတတ်ပညာတွေသာမက အစီအစဉ်တင်ဆက်တာ၊ ရုပ်သံအစီအစဉ်တွေမှာ ပါဝင်တာတွေကိုပါ ကောင်းမွန်စွာ လုပ်ကိုင်နိုင်ခဲ့တာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာတော့ သူဟာ အေဂျင်စီနဲ့ စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိဘဲ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဒီလို လမ်းခွဲခဲ့ရတဲ့အကြောင်းဟာလည်း သူ့အနေနဲ့ သရုပ်ဆောင်ရတာကို ပိုမိုနှစ်သက်တာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

ဆိုးဟွန်က သူဟာ အက်စ်အမ်အန်တာတိန်းမန့်ရဲ့ လက်အောက်မှာ ၁၅ နှစ်ကြာ နေထိုင်ခဲ့ကြောင်း၊ ဒီပတ်ဝန်းကျင်မှာ လက်ရှိသူပိုင်ဆိုင်နေတဲ့အရာတွေကို ရယူနိုင်ခဲ့တာဖြစ်ကြောင်း၊ အခက်အခဲတွေလည်း ရင်ဆိုင်ခဲ့ပြီး အောင်မြင်မှုတွေကိုလည်း ဆွတ်ခူးနိုင်ခဲ့တာဖြစ်ကြောင်း၊ အတိတ်ကာလတွေကိုပြန်ကြည့်ကာ သူလုပ်ချင်တဲ့အရာတွေနဲ့ အောင်မြင်မှုတွေကို ပြန်လည်တွေ့မြင်ခဲ့ရကြောင်း၊ နောက်ဆုံးမှာတော့ ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင်ချနိုင်ဖို့ရာ အေဂျင်စီနဲ့ လမ်းခွဲခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဆိုးဟွန်က "အက်စ်အမ်အန်တာတိန်းမန့်ဟာ ကောင်းမွန်ပြည့်စုံတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ကျွန်မရဲ့ အတွေးနဲ့ စိတ်ကူးတွေကိုတော့ လွယ်လွယ်ကူကူပုံဖော်မပေးနိုင်ပါဘူး။ ကျွန်မဟာ တကယ့်ကို လုံခြုံစိတ်ချရတဲ့ လမ်းပေါ် လျှောက်လှမ်းခဲ့ရတာ ဖြစ်နိုင်ပါတယ်။ ဒါမေယ့် ကျွန်မလိုချင်တာက အခွင့်အရေးနဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်" လို့လည်း ဆိုပါတယ်။

ဆိုးဟွန်ဟာ လက်ရှိမှာလည်း ဖျော်ဖြေရေးအေဂျင်စီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်နေပေမယ့် ဘယ်အေဂျင်စီနှင့်မျှ စာချုပ်ချုပ်ဆိုခြင်းမရှိသေးပါဘူး။ သူကတော့ အနုပညာရှင်တစ်ယောက်ဟာ လူအများရဲ့ အသိအမှတ်ပြုမှု ခံရပြီဆိုပါက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ ရပ်တည်လှုပ်ရှားနိုင်ပြီဖြစ်တယ်လို့လည်း သူ့ရဲ့ ထင်မြင်ယူဆချက်ကို ထုတ်ဖော်ပြောကြားခဲ့တာ တွေ့ရပါတယ်။



# အဖွဲ့ဝင်တွေဆီ သွားရောက်တွေ့ဆုံခဲ့တဲ့ ဆန်းရီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ "BIGBANG"ရဲ့ အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ တေးယန်နဲ့ ဒေဆန်းတို့ စစ်မှုထမ်းဆောင်ရာသို့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆန်းရီ သွားရောက်လည်ပတ်ခဲ့တာ တွေ့ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ် နှစ်စပိုင်းမှာ စစ်မှုထမ်းဆောင်ခဲ့ကြတဲ့ ဒေဆန်းနဲ့ တေးယန်တို့နဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံကိုတော့ ဆန်းရီက ပြီးခဲ့တဲ့ အောက်တိုဘာ ၇ ရက်မှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။ အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ "BIGBANG"မှာ လက်ရှိမှာတော့ အဖွဲ့ဝင်လေးဦး စစ်မှုထမ်းဆောင်နေတာဖြစ်ပြီး ဆန်းရီတစ်ဦးတည်းသာ စစ်မှုထမ်းဆောင်ခြင်း မရှိသေးတာ ဖြစ်ပါတယ်။

# Lilo & Stitch ကို လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်ဆန်းသစ် ရိုက်ကူးသွားမည်



ဒစ်စနေရဲ့ ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်ဖြစ်တဲ့ "Lilo & Stitch" ကို လတ်လောမှာတော့ လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်အသက်သွင်းသွားမှာ ဖြစ်ကြောင်း ကောစမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီရုပ်ရှင်ကို ရုပ်သံဖန်တီးမှုရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ မှတ်မိနေကြဦးမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ အဓိကပါဝင်ထားတဲ့ ဇာတ်ဆောင်မိန်းကလေးဟာ ဟာဝိုင်အီကျွန်းသူဖြစ်ပြီး သူ့ရဲ့အမည်ကတော့ လီလို ဖြစ်ပါတယ်။ သူဟာ ဂြိုဟ်သားလေးတစ်ဦးဖြစ်တဲ့ စတစ်နဲ့ မိတ်ဆွေဖြစ်ခဲ့ပြီး သူတို့နှစ်ဦးအကြားက သံယောဇဉ်ကို ပုံဖော်ထားတဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကို ပိုမိုဆန်းသစ်တဲ့အသွင်နဲ့ တွေ့မြင်ရစေဖို့ရာ လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်အသက်သွင်းသွားမှာဖြစ်ပါတယ်။

# ကြည့်ရှုသူ သန်း ၄၀၀ ပြည့်ခဲ့ပြီဖြစ်တဲ့ DDU DU DDU DU



ကျော်ကြားတဲ့ အမျိုးသမီး ကေပေ့ါပ်တေးဂီတအဖွဲ့ "BLACK PINK" ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်း "DDU DU DDU DU"ရဲ့ တေးဗီဒီယိုဟာ လတ်တလောမှာတော့ ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုသူပရိသတ် သန်း ၄၀၀ ကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါတေးဂီတအဖွဲ့အနေနဲ့ မှတ်တိုင်သစ်တစ်ခုကို စိုက်ထူခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့လ အတွင်းမှာတော့ "BLACK PINK "ရဲ့ အခြားသော တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "As If It's Your Last" ရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် သန်း ၄၀၀ ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၆ ရက်မှာတော့ "DDU DU DDU DU"ရဲ့ တေးဗီဒီယိုဟာ ပရိသတ် သန်း ၄၀၀ ပြည့်ခဲ့ပြီး နောက်ထပ်မှတ်တိုင်သစ်တစ်ခုကို ဖြတ်သန်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့တဲ့အပြင် "BLACK PINK"အတွက် စံချိန်သစ်တစ်ခုကိုလည်း တင်ပေးနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

" DDU DU DDU DU" တေးဗီဒီယိုကို ဇွန် ၁၅ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လတ်တလောမှာ ပရိသတ် သန်း ၄၀၀ ပြည့်ခဲ့ပြီဖြစ်တာကြောင့် အဆိုပါတေးဗီဒီယိုဟာ "BLACK PINK"အတွက်တော့ အချိန်အတိုဆုံးနဲ့ ပရိသတ် သန်း ၄၀၀ ပြည့်ခဲ့တဲ့ တေးဗီဒီယိုအဖြစ် စံချိန်သစ် တင်ထားနိုင်ခဲ့တာဖြစ်ပါတယ်။



# နောက်ထပ်ရင်သွေးတွေ လိုချင်နေကြောင်း ဖွင့်ဟလာတဲ့ ကိုင်လီဂျန်နာ

ဟောလိဝုဒ်ရဲ့ နာမည်ကျော် ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကိုင်လီဂျန်နာဟာ လက်ရှိမှာ သမီးလေးတစ်ဦးရရှိခဲ့ပြီးဖြစ်ပေမယ့် သူ့အနေနဲ့ နောက်ထပ်ရင်သွေးလေးတွေ လိုချင်နေပြီဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဒ့ါအပြင် ကိုင်လီဂျန်နာဟာ လတ်တလောမှာတော့ သူ့ရဲ့ နောက်ထပ်ရင်သွေးလေးတွေအတွက် အမည်ကိုပင် စဉ်းစားနေပြီဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဒီအကြောင်းအရာတွေကိုတော့ ကိုင်လီဂျန်နာက သူ့ရဲ့ အခင်ဆုံးသော မိတ်ဆွေတစ်ဦးနဲ့ အွန်လိုင်းပေါ်ကနေတစ်ဆင့် စကားပြောကြရင်းက ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၇ ရက်မှာ အွန်လိုင်းမှာ ပြောကြားခဲ့ရာမှာတော့ ကိုင်လီဂျန်နာက သူ့အနေနဲ့ နောက်ထပ်ရင်သွေးလေး လိုချင်ကြောင်း၊ လက်ရှိအချိန်အထိတော့ အဆင်သင့်မဖြစ်သေးကြောင်းနဲ့ ဘယ်အချိန်မှာ နောက်ထပ်ရင်သွေး ယူဖြစ်မယ်ဆိုတာကတော့ မသေချာသေးကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ကိုင်လီဂျန်နာဟာ တေးသံရှင်တစ်ဦးဖြစ်တဲ့ ထရားဗစ်စကော့ထ်နဲ့ သမီးလေးတစ်ဦးရရှိခဲ့ပြီးဖြစ်ပါတယ်။ သမီးလေးရဲ့ အမည်ကိုတော့ စတောင်မီလို့ ပေးထားတာဖြစ်ပြီး နောက်ထပ်ရင်သွေးလေးရပါကလည်း မိန်းကလေးကို ပိုမိုလိုချင်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# မိုးညှင်းမြို့ ကလေးစာပေပွဲတော် နောက်ဆုံးနေ့ တက်ရောက်လာသူများ၏ ရင်တွင်းစကားသံများ


ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းတင့်

**မိုးညှင်း အောက်တိုဘာ ၈**
မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်းကျင်းပသည့် မိုးညှင်းမြို့ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ကျင်းပသည်။

ကလေးစာပေပွဲတော် နောက်ဆုံးနေ့အဖြစ် တက်ရောက်လာသူ မိုးညှင်းမြို့ အခြေခံပညာအုတ်ကျင်းအထက်တန်းကျောင်း အဌမတန်းတွင် ပညာသင်ကြားနေသော မောင်ထက်မြက်အောင်က "ဒီပွဲကိုလာတာက စာပေလေ့လာချင်လို့လာတာပါ၊ နောက်ပြီး ပြိုင်ပွဲတွေကို အားပေးမယ်၊ ပြခန်းတွေကိုလည်း ကြည့်မယ်' ဟု ၎င်း၏ကလေးစာပေပွဲ တက်ရောက်ရခြင်းရည်ရွယ်ချက်ကို ပြောသည်။

ဆက်လက်ပြီး မိုးညှင်းမြို့ နားခါရပ်ကွက်မှ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးစိုင်းတင်အောင်က ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောကြားရာတွင် "ဒီလိုပွဲတွေများများ လုပ်ပေးဖို့လိုမယ်၊ ဒါမှကလေးတွေ သူတို့နှစ်သက်ရာ ကစားနည်းတွေနဲ့ စာပေတွေလေ့လာဖြစ်မှာ၊ အခုပွဲမှာ ကစားနည်းတွေလည်းအများကြီးပဲ၊ ကလေးတွေ စုစုစည်းစည်းနဲ့တွေ့ရတော့ ပီတိဖြစ်တယ်ဟု" ပြောသည်။

ကလေးစာပေပွဲတော် လက်ခံကျင်းပသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းတင့်က ပွဲတော်ကျင်းပရသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပုံကို ပြောကြားရာတွင် မိမိကျောင်းမှာ ကလေးစာပေပွဲတော်ကို ပထမဆုံးလက်ခံကျင်းပရသည့်အတွက် ကြည်နူးပီတိဖြစ်မိပါကြောင်း၊ အနာဂတ်ကလေးများကို ပြုစုပျိုးထောင်ပေးနေရသည့် မိမိတို့ ဆရာ ဆရာမများအနေဖြင့် ယခုလိုပွဲမျိုးမှာ ကလေးတွေကို မြင်တွေ့ခွင့်ရသည့်အတွက်လည်း လက်ခံကျင်းပရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်တွင် ကလေးများပျော်ပွဲရွှင်ပွဲ ကစားနည်းများအဖြစ် မုန့်စား၊ ပူဖောင်းဖောက်၊ သံပုံးရိုက်၊ ဂုန်နီအိတ်စွပ်၊ သံဘူးပေါက် စသည့်ကစားနည်းများအပြင် ပန်းချီ၊ ကဗျာရွတ်၊ စကားပုံဆက်၊ စက္ကူခေါက်၊ ပုံပြော၊ ကျပန်းပြိုင်ပွဲများကို မိုးညှင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပွဲတော်တွင် စာအုပ်ဈေးရောင်းဆိုင် ၁၅ ဆိုင် အပြင် ဒေသအစားအစာများရောင်းချသည့် ဈေးဆိုင်များ၊ မာမားခေါက်ဆွဲများကို ပွဲတော်လာသူများ အဆာပြေစားသုံးနိုင်ရန် အခမဲ့ပေးဝေသည့်ဆိုင်များဖြင့် စည်ကားလျက်ရှိပြီး ဌာနေတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပြခန်းများအဖြစ် ကချင်စာပေရိုးရာယဉ်ကျေးမှုပြခန်း၊ ရှမ်းတိုင်းရင်းသားစာပေအသင်းအဖွဲ့ ရိုးရာယဉ်ကျေးမှုပြခန်းများ၊ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သည့် အထက(၁)၊ အထက(၂)၊ အုတ်ကျင်း အထကကျောင်းများမှ အိမ်တွင်းမှုနှင့် သိပ္ပံဆိုင်ရာပြခန်းများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာအသိပညာပေးပြခန်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးစာပေသီးသန့်ပြခန်းများလည်း ပါဝင်ပြသကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက ၅၀၀၀ကျော် စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၈**
မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သည့် မိတ္ထီလာမြို့နယ်၌ မိုးနှောင်း ချည်မျှင်ရှည်ဝါစိုက်ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် လိန်တောကျေးရွာအုပ်စု ကွင်းအမှတ်(၅၉၅)၊ ဦးပိုင်အမှတ်(၃၂၁) တောင်သူ ဦးရွှေလှ၏ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်စနစ်စံပြကွက် စိုက်ဧက ငါးဧကသို့ အောက်တိုဘာ ၇ ရက် နံနက်က နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (ဝါနှင့်လျှော်မျှင်ဌာန)မှ ညွှန်ကြားရေးမှူး ဦးအောင်မော်က ကွင်းဆင်းကြည့်ရှုပြီး ဒေသခံစိုက်တောင်သူများအား ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တကျ စိုက်ပျိုးစေလိုကြောင်း၊ ယခုလက်ရှိအခြေအနေတွင် စိုက်စနစ်တစ်မျိုးနှင့် တစ်မျိုး အားသာချက်များ တွေ့ရှိရပြီး အကောင်းဆုံးစိုက်ပျိုးနည်းပညာများရရှိမှာဖြစ်ကြောင်း၊ အထူးသဖြင့် ဝါသီးနှံတွင် ပိုးမွှား(စုပ်ပိုး) ကျရောက်မှု ကာကွယ်နှိမ်နင်းရန် လိုအပ်ကြောင်း ပြောကြားသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါ (ရွှေတောင်-၈) ကို ဇူလိုင် ၂၈ ရက်မှ စတင်၍ စိုက်ပျိုးပြီး စိုက်ပျိုးရာတွင်လည်း နည်းစနစ်မှန်ကန်စေပြီး အထွက်နှုန်းကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ စိုက်ပျိုးခဲ့သည်။ ယခင်နှစ် မိုးနှောင်းချည်မျှင်ရှည်ဝါကို စိုက်ဧက သုံးဧကကျော် စိုက်ပျိုးခဲ့ရာ ဝါပိဿာ ၁၄၀၀ ကျော် ထွက်ရှိခဲ့ပြီး ဈေးနှုန်းမှာလည်း တစ်ပိဿာငွေကျပ် ၁၁၀၀ ဖြင့် ရောင်းချခဲ့ရ၍ မိုးနှောင်းချည်မျှင်ရှည်ဝါက အခြားသီးနှံများထက် ဈေးကွက်ခိုင်မာ၍ ယခုနှစ်တွင် စိုက်ဧက ငါးဧက တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း အင်းပက်လက်ကျေးရွာမှ ဝါစိုက်တောင်သူ ဦးရွှေလှက ပြောသည်။



မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ယခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက ၅၇၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးများကို ဖြန့်ဝေပေးပြီး စနစ်တကျစိုက်ပျိုးနိုင်စေရန်နှင့် အပင်ကြီးထွားရေး၊ ဝါသီးနှံအထွက်နှုန်း ကောင်းမွန်စေရေးတို့အတွက် မြေဩဇာကို အချိန်ကိုက် နည်းစနစ်ကျစွာ ဖြည့်ဆည်းပေးရန်စံပြကွက်များ ပြသ၍ နည်းပညာများ ဖြန့်ဝေပေးခဲ့ကြောင်း၊ ၎င်းအပြင် ဝါသီးနှံတွင် ပိုးမွှားကျရောက်မှုကို ကင်းထောက်မှတ်တမ်းများ ကောက်ယူ၍ တွေ့ရှိချက်အပေါ် ပိုးသတ်ဆေးသုံးစွဲရမည့် နှုန်းထားများနှင့် အမျိုးအစားတို့ကို စနစ်တကျရှိစေရန် ပညာပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

တိုတိုထွာထွာဖတ်စရာ

## စိန်စီပတ္တမြားဉဏ္ဏာလုံမွေးရှင်တော်လှူဒါန်း

**ပေါင်းတည်**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မင်းကွက် ၂ ရပ်ကွက် ၁၅လမ်းအလယ်ပိုင်းနေ ကွယ်လွန်သူ မိခင်ကြီးဒေါ်တင်ဦးအားရည်စူး၍ တစ်နှစ်ပြည့်ဆွမ်းကျွေးအလှူတော်တွင် ကျန်ရစ်သူမိသားစုတို့က ပေါင်းတည်မြို့ ဈေး ၂ ရပ်ကွက် ရွှေကျောင်းကြီး တိုက်အတွင်းရှိ ရွှေသာလျောင်းဘုရားရုပ်ပွားတော်မြတ်ကြီးတွင် ငွေကျပ် ၂၇၆၉၀၀၀ တန်ဖိုးရှိ စိန်စီပတ္တမြားဉဏ္ဏာလုံမွေးရှင်တော်မြတ်အား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဦး ၁ ထံသို့ အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီက လှူဒါန်းခဲ့ကြောင်းသိရသည်။ **ဝ၄၉**

## မိုးနဲ၌ သက်ကြီးလူမှုရေးပင်စင်ရရေး စာရင်းကောက်

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင်နေထိုင်သော အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား သက်ကြီးလူမှုရေးပင်စင် ခံစားခွင့်ရရှိနိုင်စေရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းမှုဖြင့် အိမ်တိုင်ရာရောက် (Home Service) စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၇ ရက် နံနက်၉ နာရီက ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **၆၆၁**

## ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်း မိတ္ထီလာ၌ပို့ချ

**မိတ္ထီလာ**
မိတ္ထီလာတွင် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးများအတွက် ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကို အောက်တိုဘာ ၈ ရက်မှ ၉ ရက်ထိ ရွေးကောက်ပွဲဆိုင်ရာများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပို့ချကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## လိုင်စင်မဲ့ မော်တော်ယာဉ် စစ်ဆေးခြင်းဆောင်ရွက်

**ရန်ကုန်**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၆ ရပ်ကွက် ကျန်စစ်သားလမ်းတွင် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖမ်းဆီးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရဲအုပ်အောင်မိုးသူ၊ မြို့မရဲစခန်းမှ တပ်ကြပ်လှမောင်လေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုအုပ်ချုပ်ရေးမှူး ဦးအောင်ကျင်ဆန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာပူးပေါင်းဝန်ထမ်း ၂၀ တို့က စည်းကမ်းပျက်မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဲရုံမှူး၊ဒုတိယမဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင်များသင်တန်းဖွင့်

**ပြည်ကြီးတံခွန်**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား လုပ်ငန်းလမ်းညွှန်သင်တန်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာ ၈ နံနက် ၉ နာရီက ပြုလုပ်သည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမ ၅၃ ဦး တက်ရောက်ကြပြီး အောက်တိုဘာ ၈ ရက်မှ ၉ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## မောက်မယ်၌ အရန်သားဖွား မွမ်းမံသင်တန်းဖွင့်

**မောက်မယ်**
ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အရန်သားဖွားမွမ်းမံသင်တန်းကို ကျန်းမာရေးဦးစီးဌာနကဦးဆောင်၍ ထောင်စုနှစ်ရည်မှန်းချက် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် 3MDG၊ အာအိုင်လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ မောက်မယ်မြို့နယ် နမ့်ယွမ်းခန်းမ၌ အောက်တိုဘာ ၈ ရက်က သင်တန်းဖွင့်လှစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါ်းဆိုင်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက သင်တန်းနှင့်ပတ်သက်သည့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းသူ နန်းခင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမ ၂၄ ဦး တက်ရောက်ကာ စာတွေ့လက်တွေ့သင်တန်းကို အောက်တိုဘာ ၁၄ ရက်ထိ တစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းမျိုးသန့် (ပြန်/ဆက်)**

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လေှကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလုကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-

GA MONE PWINT CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6



၁၉၁၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့သော ယခုအထက(၁)ပုဇွန်တောင်ကို တွေ့ရစဉ်။

# ပွင့်လင်းရာသီတွင် ရှေးဟောင်းအဆောက်အအုံများကို အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ယခုလာမည့် ပွင့်လင်းရာသီတွင် ရန်ကုန်မြို့ရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ သိရသည်။

"အမွေအနှစ်အဆောက်အအုံဆိုတာ သက်တမ်းအရသော်လည်းကောင်း၊ လက်ရာအရသော်လည်းကောင်း၊ သမိုင်းအရသော် လည်းကောင်း၊ ထင်ရှားတဲ့လူ၊ ထင်ရှားတဲ့လူပုဂ္ဂိုလ်တွေနဲ့ ဆက်စပ်ပြီးတော့လည်းကောင်း အရေးပါတဲ့ အဆောက်အအုံမှန်သမျှကို ကျွန်တော်တို့အမွေအနှစ်လို့ ခေါ်ပါတယ်။ ရန်ကုန်မှာ ရှေးဟောင်းအဆောက်အအုံနှစ်ထောင်ကျော်ရှိပါတယ်။ လူနေအိမ်ကိုယ်ပိုင်အဆောက်အအုံတွေလည်းပါတယ်။ အဲဒီထဲမှာမှ သမိုင်းအရ ထင်ရှားတဲ့အဆောက်အအုံတွေကို ကပ်သွားမှာ။ လက်ရှိမှာ ၂၁ ခုကပ်ပြီးသွားပြီ" ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ စီမံကိန်းအရာရှိ ဦးသူရိန်အောင်က ပြောသည်။

အဆိုပါ ကမ္ပည်းပြားတပ်ဆင်မှုများကို ၂၀၁၈ ခုနှစ် အောက်တိုဘာလလယ်ခန့်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ ကျားရုံ(လှောင်အိမ်)ကို လည်းကောင်း၊ နိုဝင်ဘာလတွင် အထက(၁) ပုဇွန်တောင်နှင့် ဗြိတိန်သံရုံးကို လည်းကောင်း၊ ဒီဇင်ဘာလတွင် အထက(၂)ဒဂုံ (မြို့မကျောင်း)

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

# အင်ဒိုနီးရှားနှင့် ခြေစမ်းပွဲကို မြန်မာ့လက်ရွေးစင်အသင်း ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်



**ရန်ကုန် အောက်တိုဘာ ၈**

၂၀၁၈ ခုနှစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကို ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကို အောက်တိုဘာ ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဝီဘာဝါကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ပဏာမကစားသမား ၂၇ ဦးအနက် ၂၀ ရွေးချယ်ကာ ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကျန်ရှိသည့်ကစားသမားများမှာ မြန်မာယူ-၂၁ အသင်းနှင့် ပူးတွဲလေ့ကျင့်လျက်ရှိသည်။

တိုက်စစ်မှူးအောင်သူကိုမူ လက်ဒဏ်ရာကြောင့် အနားပေးထားပြီး ဘိုလီးဗီးယားအသင်းနှင့် ခြေစမ်းပွဲနားနီးမှ အသင်းနှင့် ပူးပေါင်းမည်ဖြစ်သည်။ နည်းပြချုပ် အန်တွမ်နီပေးသည်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

**မိုး/ဇလ**


# အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် MMA တွဲဆိုင်းများ ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၈**

ONE Championships အဖွဲ့အစည်းက အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ကျင်းပမည့် ONE MMA ပြိုင်ပွဲတွဲဆိုင်းများ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲ ပါဝင်နေသည်။

အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည့် MMA ပြိုင်ပွဲတွင် မြန်မာကစားသမားများ ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းသုံးပွဲ ပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်ပွဲအပြင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၁၀

အမေရိကန်ဘောဂဗေဒပညာရှင်နှစ်ဦး စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရရှိ

စာမျက်နှာ » ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဇုန်အတွင်း သစ်တောစိုက်ခင်း ဧက ၉၃၀ တည်ထောင်သွားမည်

စာမျက်နှာ » ၁၆

